မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကိုလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မိုရာတည်ရာမှ ထုတ်ဆောင်၍ ကုန်ဒ္ဒ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ်ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ တနလာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၄၇)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ်များ မကြာမီစတင်ပြေးဆွဲမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထုရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန် - မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟသံတ-ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား - တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန် - ပြည် - ပုဂံ လမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်း လမ်းပိုင်း၊ လင်းပဝတန်း-သာရဝေါ လမ်းပိုင်းနှင့် သာစည်-ရွှေညောင် လမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို

စာမျက်နှာ ၅ ကော်လံ ၁ ◆



ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ်အဖြစ် မကြာမီစတင်ပြေးဆွဲမည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များကို တွေ့ရစဉ်။

မိုးရာသီကာလ ရန်ကုန်မြို့ ရေကြီးရေလျှံမှု လျော့နည်းစေရေး အဓိကမြစ်ထွက်ပေါက်များ တိုးချဲ့ပြုပြင်ထိန်းသိမ်းလျက်ရှိ



ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ ရေစီးရေလာစနစ်များ ပိုမိုကောင်းမွန်ရေးနှင့် မိုးရာသီအချိန်များတွင် လမ်းများ၊ ရပ်ကွက်များ၌ ရေကြီးရေလျှံမှုများ လျော့နည်းပပျောက်စေရေး တို့ကို ဦးတည်၍ လက်ရှိချောင်းများ၊ မြောင်းများ၊ အဓိကမြစ်ထွက်ပေါက်များကို ပြုပြင်ထိန်းသိမ်းအဆင့်မြှင့်တင်နိုင်ရန် အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိအင်ဂျင်နီယာဌာနလေးဌာနအပြင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ကုန်စည်ပဲ့ရုံနှင့် စွေးများဌာနတို့နှင့် ပူးပေါင်းပြီး

စာမျက်နှာ ၅ ကော်လံ ၁ ❍

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ အတွက် စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၆၊ ၁၇ တွင် ဖော်ပြပါရှိပါသည်။

ယနေ့ ဇတ် စ ရာ

မြူကင်းစင်သောကောင်းကင်

ဆောင်းပါး စာ ၁၀

သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေးမှသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆီသို့ ...

ဆောင်းပါး စာ ၁၂

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ **ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။**

☆ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

☆ **နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

☆ **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ တပေါင်းကွင်း၌ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့အထိ (မတ် ၇ ရက်မှ ၁၃ ရက်အထိ) ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ သိရသည်။

ထိုပြင် ပွဲတော်လာပြည်သူများအတွက် ရေကျော်ဂီတဖျော်ဖြေရေးအဖွဲ့က မတ် ၇ ရက်မှ ၉ ရက်အထိလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖျော်ဖြေရေးအဖွဲ့က မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဖျော်ဖြေရေးအဖွဲ့က မတ် ၁၂ ရက်တွင်လည်းကောင်း၊ မြဝတီရုပ်မြင်သံကြား ဖျော်ဖြေရေးအဖွဲ့က မတ် ၁၃ ရက်တွင်လည်းကောင်း အခမဲ့ဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖူးမြော်ကြည်ညိုပါဝင်ဆင်နွှဲ

ဖျော်ဖြေပွဲများအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ ကလေးကစားကွင်းများ စသည့်ပျော်ရွှင်ဖွယ် အစီအစဉ်မျိုးစုံကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့်အတွက် ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများနှင့် သင်္ခါကြည်လင် ပါရမီရင်အပေါင်းတို့အနေဖြင့် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တပေါင်းပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲနိုင်ကြကြောင်း ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၂၃ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၆၆၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၅၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	–	စိုးစိုးနိုင်	သတင်းထောက်မှူး	–	ခင်ရတနာ
စာတည်းမှူး	–	မြင့်စိုး	အကြီးတန်း	–	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
စာတည်းများ	–	ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	–	မြူးစန္ဒီနွေး၊ တင်လင်းအောင်	အယ်ဒီတန်း	–	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သုတေသန	–	အိအိခင်နှင့် အဖွဲ့	သတင်းထောက်များ		
စာပြင်	–	ဇော်မင်းသန်းနှင့် အဖွဲ့	ဓာတ်ပုံသတင်းထောက်	–	တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	–	ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့	အီးမေးနှင့် အွန်လိုင်း	–	သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၃၊ ရန်ကုန်ရုံး(၁)–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၅၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေဒရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by MPE www.mdu.gov.mm

စံပြအတွက်ဆုနှင့် ပြစ်မှုအတွက်ပြစ်ဒဏ်

ရန်ကုန်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး လူဦးရေအထူထပ် အသိပ်သည်းဆုံး ဒေသလည်းဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်နေထိုင်ပြီး စက်မှုဇုန်အများဆုံး တည်ရှိသလို စီးပွားရေးအချက်အချာ ဖြစ်သည့်အလျောက် မြို့ပြဒေသယူပို့ဆောင်မှု ပမာဏမှာလည်း ကြီးမားသည်။

ရန်ကုန်မြို့တွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးကို ဝိုင်ဘီအက်စ် ယာဉ်လိုင်းပေါင်း ၁၀၀ ကျော်က ယာဉ်စီးရေ(၄၀၀၀) ဝန်းကျင်ခန့်ဖြင့် ဝန်ဆောင်မှုပေးနေပြီး နေ့စဉ်ခရီးသည်ပေါင်း ၁ ဒသမ ၅ သန်းခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ဝိုင်ဘီအက်စ် ယာဉ်လိုင်းများ မောင်းနှင်ပြေးဆွဲမှုကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) က ကြီးကြပ်ကွပ်ကဲနေခြင်းဖြစ်ပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များဖြင့် နေ့စဉ်လှည့်လည်စစ်ဆေးကာ စည်းကမ်းမဲ့မောင်းနှင်မှုများ စစ်ဆေးတွေ့ရှိပါက အရေးယူခြင်းများ ဆောင်ရွက်နေကြောင်း သိရှိရသည်။ ဝိုင်ဘီအက်စ်ယာဉ်မောင်းများ၏ စည်းကမ်းဖောက်ဖျက်မှုများတွင် မှတ်သားဖမ်းဆီးမှု၊ ခရီးသည်တိုင်ကြားမှု၊ Facebook တိုင်ကြားမှု၊ မီးနီဖြတ်မောင်းမှု၊ သတ်မှတ်ကီလိုကျော်လွန်မောင်းနှင်မှု၊ သတ်မှတ်လမ်းကြောင်း အတိုင်းမမောင်းနှင်မှု၊ မဆင်မခြင်မောင်းနှင်မှု၊ ဘေးတံခါးဖွင့်မောင်းနှင်မှု၊ နယ်ကျော်မှု၊ ရပ်နားချိန်ကြာမြင့်မှု၊ ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်မောင်းနှင်မှု စသည်တို့ပါဝင်သည်။

YRTC ၏ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ နေ့စဉ်လှည့်လည်၍ ကြပ်ကြပ်မတ်မတ် စစ်ဆေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်မှုများကို ထိထိရောက်ရောက် အရေးယူခြင်းတို့ကြောင့် ဝိုင်ဘီအက်စ်ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်သေကျေမှုများဖြစ်ပေါ်ရသည့် အနိဋ္ဌာရုံများကို လျော့ကျစေသည်ဖြစ်ရာ စစ်ဆေးကြပ်မတ်မှုအချိန်အပာန်ကို ဆက်လက်မြှင့်တင်သွားရမည်ဖြစ်သည်။ ယခုရက်ပိုင်းအတွင်း YRTC က ဝိုင်ဘီအက်စ်ယာဉ်လိုင်းများမှ ယာဉ်မောင်းများအနက် ၂၀၂၄ ခုနှစ်အတွက် စံပြယာဉ်မောင်းဆုနှင့် တာဝန်သိယာဉ်မောင်းဆုရရှိသူများအား YRTC ရုံးချုပ်တွင် ဂုဏ်ပြုအခမ်းအနားဖြင့် ဆုများချီးမြှင့်ခဲ့ရာ စံပြယာဉ်မောင်းဆုရရှိသူ ၄၈ ဦး၊ တာဝန်သိယာဉ်မောင်းဆုရရှိသူ ၁၄၈ ဦးနှင့် လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြသောဝန်ဆောင်မှုကောင်းသည့် ယာဉ်မောင်းဆုရရှိသူ ၄ ဦးတို့အား ဆုများချီးမြှင့်ခဲ့ကြောင်းသိရပြီး ခရီးသည်များကို စိတ်ပြိုင်ဉာဏ်ပြုမူပြီး အရှိန်ပြင်းမောင်းနှင်ခဲ့သည့် ဝိုင်ဘီအက်စ်ယာဉ်မောင်းတစ်ဦးအား အပြစ်ရှိကြောင်း မှန်ကန်ထင်ရှားသည့်အတွက် ထုတ်ပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်းသိရသည်။

စံပြယာဉ်မောင်းဆုရရှိသူသည် ခရီးသည်များ မိမိကားပေါ် ရောက်လာပြီဆိုသည်နှင့် အန္တရာယ်ကင်းရှင်းပြီး စိတ်ချမ်းသာအောင် ဝန်ဆောင်မှုပေးခြင်း၊ ခရီးသည်များ အန္တရာယ်ကင်းစေရန် ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာပြီး မောင်းနှင်ခြင်း၊ စိတ်ရှည်သည်းခံမှုကို အဓိကထား၍ ဆောင်ရွက်ခဲ့ခြင်း စသည်တို့ကြောင့် ဆုရရှိခဲ့ကြခြင်းဖြစ်ရာ ကျန်ယာဉ်မောင်းများကလည်း စံပြယာဉ်မောင်းများကို အတုယူကာ ပရော်ဖက်ရှင်နယ်ဝိညာဏ အသက်မွေးဝမ်းကျောင်းကြရန်လိုသည်။ နေ့စဉ် လူပေါင်းထောင်နှင့်ချီပြီး ထိတွေ့ဆက်ဆံနေကြရသည့် ယာဉ်မောင်းများအဖို့ စိတ်ဖိစီးမှုဒဏ်ကို ခံနိုင်ရည်ရှိကြရန်နှင့် စိတ်ရှည်သည်းခံမှုကို အမြင့်ဆုံးဖြင့်တင်ထားနိုင်ကြမှသာ မိမိရော အခြားသူများအတွက်ပါ ထိခိုက်မှုနှင့် အန္တရာယ်တို့ လျော့ပါးကင်းရှင်းနိုင်ကြမည်ဖြစ်သည်။

ဝိုင်ဘီအက်စ်ယာဉ်လိုင်းများကို စည်းကမ်းများစနစ်တကျ ကြပ်မတ်ကွပ်ကဲခြင်းကြောင့် ပြီးခဲ့သည့်နှစ်က ဝိုင်ဘီအက်စ် ယာဉ်လိုင်းများတွင် မတော်တဆမှုနှင့် ခရီးသည်များ သေဆုံး၊ ဒဏ်ရာရမှုတို့ လျော့နည်းကျဆင်းခဲ့သော်လည်း စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းများ ရှိနေဆဲဖြစ်သောကြောင့် သေဆုံး၊ ဒဏ်ရာရသူတို့ ဆက်လက်ကျန်ရှိနေရခြင်းဖြစ်သည်။ စည်းကမ်းအကြိမ်ကြိမ်ချိုးဖောက်နေသည့် ယာဉ်မောင်းများအား ပညာပေးပြုပြင်တည့်မတ်ပေးခြင်း၊ ခေတ်မီယာဉ်စီးခေးချေးသည့်စနစ်များ ရာခိုင်နှုန်းပြည့် အသုံးပြုလာနိုင်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊ နေ့စဉ်ခရီးသည်များ စိတ်ကျေနပ်စွာ လိုရာခရီးသို့ရောက်ရှိစေရန် ဝန်ဆောင်မှုပေးနိုင်ရေး တာဝန်ရှိသူ၊ သက်ဆိုင်သူအားလုံးက ကျေပွန်စွာဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်မှု တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတိုးတက်ပါစေကြောင်း။ ။

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင် လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန် ရည်ရွယ်၍ ပဉ္စမအကြိမ် ရုရှား - မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေးကို ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်း ရယ်ရှဲသဠိကော့ဗ်တို့ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်သည်။(ယာပုံ)



အဆိုပါ ကော်မရှင်အစည်းအဝေးကို သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့ဖြင့် အပိုင်း ၄ ပိုင်းခွဲ၍ ကျင်းပပြုလုပ်သည်။

ကော်မရှင်အစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညီစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအဖြစ် တက်ရောက်ခဲ့ကြပြီး ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဖ်တို့က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် မြန်မာဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖိတ်ဆက်ဆံရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့် အချိန်မှစပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ - Eurasian Economic Union (EAEU) နှင့် ပူးပေါင်းကာ ဥရောပစျေးကွက်သို့ ဝင်ရောက်နိုင်ငံပြီး ရုရှားနိုင်ငံအနေဖြင့်လည်း အာရှစျေးကွက်သို့ ပိုမိုချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများရှိပါကြောင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးနှင့် ခေတ်မီစက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်လာစေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိကြောင်း၊ ယခု အစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များနှင့် သဘောတူညီချက်များမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ကာ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်နောက် ရုရှားဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်း ရယ်ရှဲသဠိကော့ဗ်က စတုတ္ထအကြိမ် ကော်မရှင်အစည်းအဝေး ကျင်းပပြီး နောက်ပိုင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသာမက အခြေခံအဆောက်အအုံစီမံကိန်းများ၊ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာစီးပွားရေးလုပ်ငန်းများကိုလည်း ရုရှားစျေးကွက်ကကြိုဆိုလျက်ရှိကြောင်း၊ ရုရှား - မြန်မာ စီးပွားရေးဖိုရမ်ကိုလည်း ဆက်လက်ကျင်းပကာ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ဆက်သွယ်မှုကွန်ရက်များကို တိုးချဲ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဖ်က မြန်မာ-ရုရှား ကုန်သွယ်မှုပမာဏ တိုးမြင့်ရေးအတွက် စွမ်းအင်၊ ချူကလီးယားနယ်ပယ်၊ စိုက်ပျိုးရေးနှင့် သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအလေးထား ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစီအစဉ်အရ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ မြန်မာဘက်မှ ကော်မရှင်ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လည်းကောင်း၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ တော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ရုရှား ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့ကလည်း ကောင်း ဆွေးနွေးတင်ပြကြသည်။

ပဉ္စမအကြိမ်ကော်မရှင်အစည်းအဝေးတွင် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည့် ဥပမေယျဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စွမ်းအင်၊ ဘူမိဗေဒဆိုင်ရာ လေ့လာရှာဖွေမှု၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အဏုမြူစွမ်းအင်အသုံးပြုမှု၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာနှင့် သတင်းမီဒီယာ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေး စောင့်ရှောက်မှု၊ ယဉ်ကျေးမှုနှင့် အားကစား၊ အလုပ်သမား၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းရှာဖွေရေးနှင့် အသုံးပြုရေး၊ Circular Economy နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ဖြင့်တင်ရေးကိစ္စရပ်များပါဝင်သည့် ဆွေးနွေးမှုမှတ်တမ်းတို့ကို ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက အတည်ပြုလဲလှယ်ခဲ့ပြီး ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်သည်။

မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံသဘောတူစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအစိုးရနှင့် ပဂ္ဂလိကကဏ္ဍတို့အကြား စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်း၊ ပညာရေး၊ ဆက်သွယ်ရေး၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စာချုပ်စာတမ်း ၉ ခုကို သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးဖိုရမ်ကို ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက ဦးဆောင်ကျင်းပပြီး အဖွင့်အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲ (၁)အဖြစ် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စကားဝိုင်း၊ စကားဝိုင်းဆွေးနွေးပွဲ(၂)အဖြစ် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ စကားဝိုင်းနှင့် စကားဝိုင်းဆွေးနွေးပွဲ(၃)အဖြစ် အလုပ်သမားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်းကို ကျင်းပကြပြီး နှစ်နိုင်ငံအစိုးရဌာနများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက တက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး၌ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့သို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နှစ်နိုင်ငံ ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း “Mekong-Ganga Food Festival” ပွဲတော် တက်ရောက်အမှာစကားပြောကြား

ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်မည်



နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်ရန်ရည်ရွယ်၍ ရန်ကုန်မြို့မှ အိန္ဒိယသံရုံးသည် ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်တို့နှင့် ပူးပေါင်း၍ “Mekong-Ganga Food Festival” ပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ယခင်ဝန်ကြီးများရုံး၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။(ယာပုံ)

အဆိုပါပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန် ဦးဗိုလ်ငွေ့၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ရန်ကုန်မြို့ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယသံအမတ်ကြီးနှင့် ပွဲတော်တက်ရောက်လာကြသူများသည် မြန်မာအစားအစာပြခန်းများ၊ အိန္ဒိယအစားအစာပြခန်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းပြခန်းများ၊ လက်မှုပစ္စည်းနှင့် အဝတ်အထည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပွဲတော်အခမ်းအနားကို ဆိမ်းထွန်းညှိပူဇော်၍ စတင်ဖွင့်လှစ်ပေးကာ အသင်းအဖွဲ့များက အိန္ဒိယတေးသီချင်း၊ မြန်မာတေးသီချင်းများ၊ အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီး၊ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားမှတစ်ဆင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်မည့် အခွင့်အရေးတစ်ခုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Mekong-Ganga Cooperation -MGC) အား အိန္ဒိယနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် အာဆီယံ(၅)နိုင်ငံပါဝင်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဓိကဆောင်ရွက်မှုများတွင် ယဉ်ကျေးမှုဖလှယ်ခြင်းများမှတစ်ဆင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အချက်တစ်ချက်ပါဝင်ပါကြောင်း၊ ယနေ့အစားအစာပွဲတော်အခမ်းအနားသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သော ဆောင်ရွက်ချက်တစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အာဆီယံအစားအစာပွဲတော်ကဲ့သို့ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ပွဲတော်မှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကပြဖျော်ဖြေတင်ဆက်ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သံအမတ်ကြီးတို့သည် ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူများ အချိန်အလဟဿမဖြစ်စေဘဲ အသိပညာဗဟုသုတပြန့်ပွားစေရေး၊ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများဖြင့် အကျိုးရှိအောင်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း

မော်လမြိုင် ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းက သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားစဉ်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ် ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မွန်းလွဲပိုင်းတွင် သထုံခရိုင် ပေါ်တော်မူကျေးရွာသို့ ရောက်ရှိပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီး ဖွင့်လှစ်လျက်ရှိသော လူငယ်အလင်းရောင် စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ စာကြည့်တိုက်ရှင်သန်တိုးတက်ရေး၊ လူငယ်များ အသိပညာဗဟုသုတလေ့လာရေး၊ မိဘဆရာများ ပူးပေါင်း၍ သားသမီးများကို ဗလငါးတန် ပြည့်ဝသူများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းသည်။

ယင်းနောက် ပေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ချောင်းဆုံမြို့နယ် သက္ကောစံပြကျေးရွာသုတစံအိမ် စာကြည့်တိုက်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်အောင်မြင်ရေး၊ အကျိုးရှိစေရေးနှင့် လူငယ်များ လှုမှုဝန်ထမ်းကိစ္စများတွင် ပူးပေါင်းပါဝင်လာစေရေးတို့ကို ဆွေးနွေးမှာကြားကာ စာအုပ်စာစောင်များ လှူဒါန်းသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဝန်ထမ်းကောင်းပီသစွာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို အလေးထား ဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ မိမိတို့၏ စာကြည့်တိုက်များတွင် စာဖတ်သူ၊ စာငှားသူများပြားပြီး လူငယ်များနှင့် ထိတွေ့ဆက်ဆံ၍ အသိပညာပေး လုပ်ငန်းများ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

မွန်းလွဲပိုင်းတွင် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ချောင်းဆုံမြို့နယ် သက္ကောစံပြကျေးရွာသုတစံအိမ် စာကြည့်တိုက်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်အောင်မြင်ရေး၊ အကျိုးရှိစေရေးနှင့် လူငယ်များ လှုမှုဝန်ထမ်းကိစ္စများတွင် ပူးပေါင်းပါဝင်လာစေရေးတို့ကို ဆွေးနွေးမှာကြားကာ စာအုပ်စာစောင်များ လှူဒါန်းသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဝန်ထမ်းကောင်းပီသစွာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို အလေးထား ဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ မိမိတို့၏ စာကြည့်တိုက်များတွင် စာဖတ်သူ၊ စာငှားသူများပြားပြီး လူငယ်များနှင့် ထိတွေ့ဆက်ဆံ၍ အသိပညာပေး လုပ်ငန်းများ ဖြင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးတို့ကို အလေးထား ဆောင်ရွက်ရေး၊ နွေရာသီကျောင်းပိတ်ရက် ကာလတွင် ကျောင်းသား ကျောင်းသူများ အချိန်အလဟဿ မဖြစ်စေဘဲ အသိပညာဗဟုသုတ ပြန့်ပွားစေရေး၊ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများဖြင့် အကျိုးရှိအောင် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ရှေ့လုပ်ငန်းစဉ်နှင့်အညီ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအပေါ် အောင်မြင်အောင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

သတင်းစဉ်

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

◆ရွှေဖိုးမှ

စီစဉ် ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ နေပြည်တော်–ရန်ကုန်–နေပြည်တော်ခရီးစဉ်အား ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခေတ်မီ DEMU ရထားတွဲဆိုင်းဖြင့် နေပြည်တော်မှ ရန်ကုန်အထိ စတင်စမ်းသပ်ပြေးဆွဲသည့် ခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ဘူတာကြီးမှ စတင်ထွက်ခွာခဲ့ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ (MSME) နေပြည်တော်သို့ တက်ရောက်လာကြသည့် ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအပါအဝင် ခရီးသွားပြည်သူ ၁၃၀ လိုက်ပါစီးနင်းခဲ့ကြကာ ရန်ကုန်ဘူတာသို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြောင်းနှင့် နေပြည်တော်မှ ရန်ကုန်သို့ ဘူတာစဉ် ရပ်တန့်ချိန်များအပါအဝင် ခရီးသွားချိန် ၅ နာရီ မိနစ် ၅၀ ကြာမြင့်ကြောင်း သိရှိရသည်။

အဆင့်မြင့်တင်ပြီးဖြစ်သည့် ရန်ကုန်–နေပြည်တော် ရထားလမ်းပိုင်း၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ပြေးဆွဲမည့် DEMU ရထားတွင် ပထမတန်း လေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်း တွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး နေပြည်တော် – မန္တလေး ပြေးဆွဲမည့် လေအိတ်ရထား ခရီးစဉ်အတွက် ရိုးရိုးတန်း လေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်း တွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည် ၃၃၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကာ ရထားအချိန်စာရင်းနှင့် လက်မှတ်ခနှုန်းထားတို့ကို မြန်မာ့မီးရထားမှ ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ခရီးသည်များအနေဖြင့် အဆိုပါ DEMU ရထားနှင့် လေအိတ်ရထားများကို နေပြည်တော်ဘူတာတွင် ပြောင်းလဲလိုက်ပါ စီးနင်းနိုင်မည်ဖြစ်သည်။

ရန်ကုန် – မန္တလေး ခရီးစဉ် တစ်လျှောက် ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာ တို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး မြန်မာ့မီးရထားအနေဖြင့် ရထားစီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်း/ထုတ်လုပ်ခြင်း၊ ရထားလမ်း အဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်ခြင်းတို့ကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


ရထားစီးနင်းလိုက်ပါသူများအား တွေ့ရစဉ်။



❍ရွှေဖိုးမှ

စဉ်ဆက်မပြတ် အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိသည်။

ရန်ကုန်မြို့သည် နိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သကဲ့သို့ သန့်ရှင်းစိမ်းလန်း ကြည်လင်မှုနှင့် မြို့တော်ရန်ကုန် Clean, Green, Bright and Smart City ဟူသော ဦးတည်ချက်များဖြင့် ကြိုးပမ်းအားထုတ်ရာတွင် ရေစီးရေလာစနစ်များ ကောင်းမွန်ရေးသည် မြို့ပြ၏ အရေးပါသောလုပ်ငန်းဖြစ်မှုနှင့် အညီ ရေစီးရေလာစနစ်များ မြို့နယ်များအလိုက် လက်ရှိချောင်းများ၊ မြောင်းများ၊ မြစ်ထွက်ပေါက်များက စီးဆင်းသော စွန့်ပစ်ရေများ ပုံမှန်စီးဆင်းပြီး ပင်လယ်ဝအထိ စွန့်ပစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရကြောင်း အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) တာဝန်ရှိသူ၏ ပြောပြချက်အရ သိရသည်။

ထို့နောက် မြစ်ထွက်ပေါက်နှင့် ချောင်းများ၊ မြောင်းများနှင့်စပ်လျဉ်း၍ ဆက်လက်ပြောကြားရာတွင် ရန်ကုန်မြို့ ပြည်လမ်းကို ဗဟိုပြု၍ ရန်ကုန်အရှေ့ဘက်တွင် ငဝိုးရိပ်ချောင်း၊ အနောက်ဘက်တွင် လှိုင်မြစ်တို့ရှိသည့်အတွက် ယင်းနှင့်ဆက်စပ်သော မြို့နယ်များဖြစ်သည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ အလုံ၊ လမ်းမတော်မြို့နယ် ကိုးမြို့နယ်က စွန့်ပစ်စီးဆင်းသော ရေများကို ချောင်း ၂၂ ချောင်းမှတစ်ဆင့် ရန်ကုန်အနောက်ဘက်ရှိ လှိုင်မြစ်အတွင်းသို့ ပုံမှန်စီးဆင်းပြီး ပင်လယ်ဝအထိ ရောက်ရှိရန်အတွက် ချောင်းအတွင်းရှိ အမှိုက်နှင့် သစ်ကိုင်းသစ်ပင်များကို ရှင်းလင်းခြင်း၊ မြေသားနံရံများကို ကွန်ကရစ်နံရံများအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ကျဉ်းမြောင်းသော အုတ်ရေမြောင်းများ ချဲ့ထွင်အသစ်ပြုပြင်ထိန်းသိမ်းခြင်း၊ လိုအပ်သော လမ်းဖြတ် Box Culvert များ အသစ်ထပ်မံ တိုးချဲ့တည်ဆောက်ပေးခြင်း စသည်တို့ကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်အနောက်ဘက်ရှိ လှိုင်မြစ်အတွင်းသို့ စွန့်ပစ်ရေများကို ပုံမှန်စီးဆင်းမှုစနစ်ပုံစံမျိုး အလားတူ ရန်ကုန်အရှေ့ဘက် ငဝိုးရိပ်ချောင်းကိုလည်း ဆောင်ရွက်ရာတွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ရန်ကင်းမြို့နယ်အပါအဝင် ရှစ်မြို့နယ်ရှိ စွန့်ပစ်သော ရေများကို ငဝိုးရိပ်ချောင်းအတွင်းသို့ စီဝင်စေပြီး အဓိကချောင်းကြီး ၂၀ ချောင်း ကြဲခွဲပို့မှုရှိစေရန် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ရွှတ်ယွင်းပျက်စီးမှုမရှိစေရန် ကြက်တွင်းများပိတ်ဆို့ခြင်း၊ ရေလမ်းကြောင်း အမှိုက်နှင့် ဗဒေါ်များကို ရေပေါ်ယန္တရားများအသုံးပြုရှင်းလင်းခြင်း၊ အုတ်ရေမြောင်းချဲ့ထွင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ပြုပြင်ထိန်းသိမ်း အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့သည် မြစ်များ၊ ချောင်းများ ကြား၌ တည်ရှိသည့်အပြင် ပင်လယ်ဒီရေတက်မှုကိုလည်း သတိပြုကာကွယ်ထိန်းသိမ်းနေရသဖြင့် ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပုဇွန်တောင်ချောင်းများသို့ မြို့တွင်း ရှုစ်မြို့နယ်မှ စွန့်ပစ်သောရေများ၊ စုစုပေါင်း ချောင်းပေါင်း ၅၆ ချောင်းအတွင်း ပုံမှန်စီးဆင်းနိုင်ရန် အတွက် ကြဲခွဲင်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

အလားတူ အဓိကကျသော ကွင်းချောင်း၊ သစ်တောချောင်း၊ သစ်မျောချောင်း၊ ရွာသစ်ချောင်း၊ သဲဖြူချောင်းတို့သည် ပင်လယ်ရေတက်ချိန်နှင့် မိုးရွာသွန်းတိုက်ဆိုင်မှုတို့ကြောင့် မြို့ပြလမ်းများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယင်းဖြစ်ရပ်များကို ယခုနှစ် မိုးရာသီတွင် လျော့နည်းသက်သာစေရန်နှင့် ဒီရေတား ရေတံခါးများကို ကောင်းမွန်စေရန် အစဉ်သတိပြု ထိန်းသိမ်းလျက်ရှိသည်။

လွန်ခဲ့သော နှစ် ၃၀ ကျော်က တည်ဆောက်ခဲ့သော လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့သည် မျက်မှောက်ကာလတွင် မြို့ပြကြီးအသွင်အပြင် သာမက စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ စည်ကားစွာသွားလာနေထိုင် ပြည်သူများတိုးပွားနေမှုကို မြင်တွေ့ရမည်ဖြစ်သည်။

လမ်းများ၊ ရပ်ကွက်အိမ်များ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန်အတွက် လိုအပ်သော Box Culvert များကိုလည်း တိုးချဲ့တည်ဆောက် ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

ရန်ကုန် ၃၃ မြို့နယ်၏ အကျယ်အဝန်းသည် စတုရန်းကီလိုမီတာ ၇၉၀ အကျယ်အဝန်းရှိပြီး ယင်းအကျယ်အဝန်းတွင် အဆောက်အအုံစုစုပေါင်း တစ်သန်းနီးပါးရှိရာ စည်းကမ်းလိုက်နာ ပြည်သူပါဝင်ပူးပေါင်းမှု၊ တိုင်းဒေသကြီးအစိုးရ အားပေးမှု၊ တည်ဆောက်ပြုပြင်ထိန်းသိမ်းမှုတို့ကြောင့် လာမည့် မိုးရာသီတွင် ရေကြီးရေလျှံမှုများ လျော့နည်းသက်သာစေရန်နှင့် ဘဏ္ဍာငွေခွင့်ပြုချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)တာဝန်ရှိသူက ပြောသည်။

သတင်းဆောင်းပါး–စောသိန်းဝင်း


ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သမိုင်းချောင်းအတွင်း စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို တွေ့ရစဉ်။


လှိုင်မြို့နယ် သမိုင်းချောင်း မြေထိန်းနံရံပြုပြင်တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

ကရင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၁၂ ခုဖြင့် ကျောင်းသား ကျောင်းသူ ၃၅၄၅ ဦး ဝင်ရောက်ဖြေဆိုမည်

ဘားအံ ဖေဖော်ဝါရီ ၂၃

ကရင်ပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၁၂ ခုဖြင့် ကျောင်းသား ကျောင်းသူပေါင်း ၃၅၄၅ ဦး ဝင်ရောက် ဖြေဆိုသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် သင်ယူတတ်မြောက်မှု ဆန်းစစ်ခြင်း ကျောင်းတွင်းစာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ အဆိုပါကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများ အတွက် အထွေထွေအသုံးစရိတ် ငွေကျပ်သုံးသိန်းကို ကျောင်းအုပ်ဆရာမ ကြီးထံ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ် မြန်မာ့စီးပွားရေးဘဏ်၊ ဘားအံခရိုင်ဘဏ်ခွဲတွင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းပင်စင်စား များအား စနစ်တကျပင်စင်လစာထုတ်ပေးနေမှုအခြေအနေ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် နိုင်ငံ့ဝန်ထမ်း ပင်စင်စား များအား တစ်ဦးလျှင် စားသုံးဆီ တစ်ပိသာခွဲနှုန်းကို လွှင်မောင်မောင်ကုမ္ပဏီက သက်သာသော နှုန်းထားဖြင့် ရောင်းချပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များ၊ ထပ်မံဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖြစ်ပြီး နယ်မြေဒေသ အခြေအနေကို လည်း ထည့်သွင်းဆွေးနွေးပေးစေလိုကာ အောင်ချက်မြင့်မားရေး အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြု ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကော်မတီဝင်များက ယခင် အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ် အစိုးရအဖွဲ့ဝင်များက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေး ဆိုင်ရာကိစ္စရပ်များ၊ ပို့ဆောင် ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စာရင်းဇယားမှန်ကန်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အောင်ချက်မြင့်မားရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်များအလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထိုသို့ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၀၉ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၂၂၀





စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၄၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကိုပြတ်ပြတ်သားသားကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံလုံးဆိုင်ရာ ရှိအာမုစ်လင်(မ်)အဖွဲ့ချုပ်(ဗဟို)၏ နှစ်(၈၀)ပြည့်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံလုံးဆိုင်ရာ ရှိအာမုစ်လင်(မ်)အဖွဲ့ချုပ်(ဗဟို)၏ နှစ်(၈၀) ပြည့် အခမ်းအနားနှင့် ၂၀၂၄ နှစ်ပတ်လည်ညီလာခံအခမ်းအနားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မဂိုခန်းမ၌ ကျင်းပသည်။ **(ယာဝုံ)**

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှိအာမုစ်လင်(မ်)အဖွဲ့ချုပ် တွဲဖက်ဓမ္မသတ်မှုးဖြစ်သူ ဦးကျော်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကိုဦး တို့က ကျမ်းတော်မြတ်ကုရ်အာန်ဖတ်ရွတ်သရဇ္ဈာယ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ရှိအာမုစ်လင်(မ်)အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကျော်သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ အစ္စလာမ်သာသနာရေးရာကောင်စီ၏ ဒုတိယဥက္ကဋ္ဌ ဟာဂျီဦးမြင့်ရွှေတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှိအာမုစ်လင်(မ်) အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဟောင်း ဦးဇော်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အီရန်နိုင်ငံ သံအမတ်ကြီးပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံလုံးဆိုင်ရာ ရှိအာမုစ်လင်(မ်)အဖွဲ့ချုပ် အမျိုးသမီးရေးရာဗဟို ကော်မတီ စာရင်းစစ် ဒေါ်ခင်လွဲလွဲက ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ရှိအာမုစ်လင်(မ်)အဖွဲ့ချုပ်၏ သမိုင်းအကျဉ်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ ရှိအာမုစ်လင်(မ်)အဖွဲ့ချုပ်



(ဗဟို) တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးသန်းထွန်းက ဖတ်ကြားတင်ပြခဲ့ကြောင်း သိရသည်။

အာကာလင်း

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကန့်ဘလူမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအား အခမဲ့ မျက်စိခွဲစိတ်ကုသ

မုံရွာ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ကန့်ဘလူမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအား မျက်စိ၊ သားဖွားမီးယပ်နှင့် ကလေးအထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကုဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အခမဲ့ မျက်စိခွဲစိတ်ကုသခြင်းနှင့် အထူးကုကွင်းဆင်းကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လာရောက်ဆေးကုသမှု ခံယူကြသည့် ကန့်ဘလူမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တာဝန်ရှိသူများနှင့်အတူ စားသောက်ဖွယ်ရာများ ဝေငှပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့တော်ခန်းမအတွင်း မျက်စိလူနာ၊ သားဖွားမီးယပ်လူနာ၊ ကလေးလူနာ၁နှင့် အထွေထွေရောဂါ သက်ဆိုင်ရာရောဂါများအလိုက် စာရင်းများပေးသွင်းနေမှုများနှင့် ရောဂါများအလိုက် စစ်ဆေး၊ စမ်းသပ်၊ ကုသပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ **(ယာဝုံ)**

အဆိုပါ ကန့်ဘလူမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအား ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်း၊ သားဖွားမီးယပ်၊ ကလေးနှင့် အထွေထွေရောဂါများကို အထူးကုကွင်းဆင်းကုသပေးသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မျက်စိလူနာ ၅၂၂ ဦး၊ သားဖွားမီးယပ်လူနာ ၃၈ ဦး၊ ကလေးလူနာ ၅၀ နှင့်



အထွေထွေရောဂါလူနာ ၁၀၀ စုစုပေါင်း လူနာ ၇၁၀ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
တို့အား စစ်ဆေး၊ စမ်းသပ်၊ ကုသပေးခြင်းများ **တိုင်းဒေသကြီး(ပြန်/ဆက်)**



ရန်ကုန်စက်မှုတက္ကသိုလ်(နည်းပညာတက္ကသိုလ်) ၁၉၈၁-၈၄ စက်မှုအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ နှစ် ၄၀ ပြည့် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်စက်မှုတက္ကသိုလ် (ယခု ရန်ကုန် နည်းပညာတက္ကသိုလ်) ၁၉၈၁-၈၄ စက်မှုအင်ဂျင်နီယာကျောင်းဆင်းများ၏ နှစ် ၄၀ ပြည့် မြတ်ဆရာပူဇော်ပွဲကို ယနေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ သုခပြည့်စုံ၊ မွေဖိမာန်တော်ကြီး ဦးအရိယကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ကြွရောက်လာကြသည့် ဆရာကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံဆရာကြီးများကိုယ်စား စက်မှုအင်ဂျင်နီယာဌာနမှ အငြိမ်းစားဆရာကြီး ဦးထွန်းရွှေက ဆုတောင်းမေတ္တာစကား ပြောကြားကာ ကျောင်းသားဟောင်းတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲသို့ ၁၉၈၁- ၈၄ ပညာသင်နှစ် စက်မှုအင်ဂျင်နီယာဘွဲ့ရ ပြည်တွင်းပြည်ပမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပြီး မြတ်ဆရာများကို မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရမည်းသင်းမြို့နယ်၌ လူဦးရေစာရင်းများ မှန်ကန်ပြည့်စုံစေရေး ကွင်းဆင်းစစ်ဆေး

ရမည်းသင်း ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြေပြင်လူဦးရေစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီက မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်စေရေး မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများကို တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်က အောင်မင်္ဂလာ ရပ်ကွက်ကြီး၊ ရွှေစည်ခုံရပ်ကွက်ကြီး၊ မြို့မ ရပ်ကွက်ကြီးအတွင်းရှိ ရပ်ကွက်များ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သည်။

အဆိုပါ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို



ခရိုင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန ဦးစီးမှူး ဦးသိန်းထိုက်နှင့် တာဝန်ရှိသူများက အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း နေထိုင်ခြင်း ရှိမရှိစာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိ နေထိုင်သူများ စာရင်းပြုခြင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံး ညီညွတ်စို့"မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင် သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဖေဖော်ဝါရီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနစာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)တို့၏ "ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့"မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ နေသူရိန်၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ပါမောက္ခ ဦးသိန်းလှိုင်၊ ညီညီဇေ၊ ညီမော်သိမ်း၊ ကိုမောင်မြင့် (Love of Wisdom)၊ ကိုကိုအောင်(အလုပ်သမား) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၊ ပါမောက္ခ ကိုကိုအောင်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ လဲ့လဲ့ဝင်း(သတ္တုဗေဒ)၊ နွေကံ့ကော်(မြို့လှ)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ခင်မောင်အေး၏ လူကုန်ကူးမှုဆိုင်ရာ ဆောင်းပါး၊ ထက်ဝေအောင် (စစ်ကိုင်း)၏ အဂတိလိုက်စားမှုပပျောက်ရေးဆိုင်ရာဆောင်းပါး၊ K. M. A ၏ သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာကောင်းစံတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မြသိန်း၊ ဆောင်းဝင်းလတ်၊ မြသာဝင်း၊ စိုးစိုး(ပန်းတောင်း)၊ ရှင်စောဖြူ၊ မော် (သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်စာအုပ်ဆိုင် ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ထူးခြားသည့် ညအပူချိန်များ

၂၃-၂-၂၀၂၅

ဟားခါးမြို့	၂ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
နမ့်စန်မြို့	၆ ဒသမ ၄	ဒီဂရီဆဲလ်စီးယပ်
(ရှမ်းပြည်နယ်တောင်ပိုင်း)		
ဟဲဟိုးမြို့	၆ ဒသမ ၆	ဒီဂရီဆဲလ်စီးယပ်
မိုင်းယန်းမြို့	၇ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
ပြင်ဦးလွင်မြို့	၇ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
လွိုင်လင်မြို့	၇ ဒသမ ၆	ဒီဂရီဆဲလ်စီးယပ်
ပူတာအိုမြို့	၈ ဒသမ ၃	ဒီဂရီဆဲလ်စီးယပ်
တီးတိန်းမြို့	၈ ဒသမ ၄	ဒီဂရီဆဲလ်စီးယပ်
မြစ်ကြီးနားမြို့	၈ ဒသမ ၉	ဒီဂရီဆဲလ်စီးယပ်
ပင်လောင်းမြို့	၉ ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



စစ်တွေ ဖေဖော်ဝါရီ ၂၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေဟိုတယ်ဆင်းလမ်း ကွန်ကရစ်လမ်းတိုးချဲ့ဖောက်လုပ်ခြင်း၊ ပလက်ဖောင်းနှစ်ဖက်ပြုလုပ်ခြင်းနှင့် ရေမြောင်းများပြုလုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက စစ်တွေမြို့ပေါ်တွင် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ခွင့်ပြုရုံပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ကရစ်လမ်းခင်းနေမှုနှင့် ရွှေခင်းသာလမ်းပိုင်း(၃) ပွိုင့်စခန်းအနီး၌ ဒီရေလှိုင်းဒဏ်ကာကွယ်စေရန် Tetrapod အလုံး ၃၀၀ ကို အသင့်ပြုလုပ်ပြီး နေရာချထားနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်ရပ်ကွက်၊ ထီးတန်းလမ်းမ ဦးဥတ္တမလမ်းအထိ ကွန်ကရစ်ခင်းခြင်း၊ ရေနုတ်မြောင်းခြောက်စင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆိုပါလမ်းအတွင်း နေထိုင်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး လမ်းပြီးစီးသွားပါက လမ်းသန့်ရှင်းသာယာရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဗုဒ္ဓါမေဘုန်းတော်ကြီးကျောင်းမှ မြင်းစီးပြိုင်လမ်းအထိ ကွန်ကရစ်ခင်း၊ မြေထိန်းနံရံ ပလက်ဖောင်း၊ ရေမြောင်း၊ ရေထွက်ပေါက်ပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်မည့် နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မူလလမ်းပေါ်တွင်အခြေခံပြီး စနစ်တကျဆောင်ရွက်ကြရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)။ ဓာတ်ပုံ- ဝင်းမင်းစိုး



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆည်ရေသောက်စနစ်များ စိုက်ပျိုးရေပေးဝေနိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုလဲမိုလဲကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာရှိ ငမိုးရိပ် ဆည်ရေသောက်စနစ် နွေစပါးစံပြ ၁၄၈ ဧက စိုက်ကွင်းကို ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစဉ် တာဝန်ရှိသူများက ငမိုးရိပ် ဆည်ရေသောက်စနစ် စိုက်ပျိုးရေပေးဝေနေမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေပေးဝေရာတွင် ရေအလေအလွင့်မရှိစေရေး၊ ဖော်ထုတ်ပြီး စက်မှုလယ်ယာစနစ်တကျ လယ်မြေများတွင် စံပြကွက်များအဖြစ် စိုက်ပျိုးရေး ဆောင်ရွက်သွားကြရန် ပြောကြားသည်။ **(အမေပို့)**

ထို့နောက် ထန်းတပင်မြို့နယ် (တက်သစ်ကျွန်း) အတွင်းရှိ ပန်တိုင်း(၁)ရေတံခါးသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက ရေတံခါးများကြံ့ခိုင်မှု၊ ရေသွင်းရေထုတ်မြောင်းများ တိမ်ကောမှု မဖြစ်စေရန် ဆောင်ရွက်ထားရှိမှု၊ ဒိုက်ဗေဒါများ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေး ထိန်းသိမ်း ဆောင်ရွက်နေမှု၊ နွေစပါး လျာထားစိုက်ဧကများ ပြည့်မီရေး တွန်းအားပေး ဆောင်ရွက်နေမှု၊ ဆတ်ကလေး ကွင်း၊ ကျားဟုန်းကွင်း၊ ပက်အင်းကလေးကွင်းအတွင်း နွေစပါး စိုက်ပျိုးရေ ပေးဝေနေမှုနှင့် စိုက်ပျိုးပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထန်းတပင်မြို့နယ်အတွင်းရေသောကာကွယ်ရေးတာများ သတ်မှတ်အမြင့် ACL ပြည့်မီအောင် ထိန်းသိမ်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း နွေစပါးစိုက်ဧက ၂၅၀၀၀၀ ကျော်နှင့် အခြားသီးနှံစိုက်ဧက ၅၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

မကွေး ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ/ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမေ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်မှ တရားရေးအရာရှိများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ချောက်ခရိုင် အတွင်းရှိ တရားသူကြီးများနှင့် အွန်လိုင်းစနစ်ဖြင့် ပခုက္ကူခရိုင်၊ သရက်ခရိုင်၊ အောင်လံခရိုင်၊ ဂန့်ဂေါခရိုင်အတွင်းရှိ တရားသူကြီးများ စုစုပေါင်း ၈၀ တက်ရောက်ခဲ့သည်။ **(အောက်ပို့)**

ဦးစွာ မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုတရားသူကြီးချုပ်က မှာကြားခဲ့သည့် တရားစီရင်ရေး စီမံခန့်ခွဲရေးကိစ္စရပ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး အမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးစစ်ဆေးဆောင်ရွက်ရေး၊ ကြန့်ကြာသည့် မှုခင်းများအား အမြန်ပြီးပြတ်စေရေးနှင့် အများပြည်သူ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်စေရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းချိုနှင့် ဒေါ်ခင်ဇော်ထွဋ်တို့က ထပ်ဆင့်ရှင်းလင်းမှာကြားခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ခရိုင်/မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ဖေဖော်ဝါရီ ၂၄ ရက်၌ တိမ်အနည်းငယ် ဖြစ်ထွန်းမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ မိုးထစ်ချန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/၈၀၁**

ပဲခူးမြို့၌ မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီနှင့် သာသနာ/အသင်းတော်ခေါင်းဆောင်များတွေ့ဆုံ

ပဲခူး ဖေဖော်ဝါရီ ၂၃

ပဲခူးမြို့ စိန့်ဂျိုးဇက် ကက်သလစ်ဘုရားကျောင်း၌ ယမန်နေ့က မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီနှင့် သာသနာ/အသင်းတော် ခေါင်းဆောင်များနှင့် တွေ့ဆုံဆုတောင်းခြင်းအခမ်းအနား ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့ရှိ ခရစ်ယာန်အသင်းတော်မှတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ သိက္ခာတော်ရဆရာတော် စောရွှေသုံးက အဖွင့်ဆုတောင်းစကား ပြောကြားပြီး မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီ၊ တွဲဖက်အတွင်းရေးမှူး သိက္ခာတော်ရဆရာတော်စောချစ်မျိုးက တက်ရောက်လာကြသူများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အခမ်းအနား တက်ရောက်လာကြသူများက "အိုသာယာသော မြန်မာပြည်တော်" ဓမ္မသီချင်းကို သီဆိုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် နိုင်ငံတော်အစိုးရ၏ စေတနာကို သိရှိနားလည်ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း စည်းစည်းလုံးလုံး ငြိမ်ငြိမ်းချမ်းချမ်း နေထိုင်သွားကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တိုင်းဒေသကြီးအတွင်းရှိ ခရစ်ယာန်ဘာသာဝင်များ အနေဖြင့် မိမိတို့ဘာသာ၊ သာသနာအကျိုးကိုဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖေဆောင်နိုင်ပြီး နိုင်ငံ့သားကောင်းပီသစွာ တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးမြို့ စိန့်ဂျိုးဇက် ကက်သလစ်ဘုရားကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဘုရားကျောင်း တာဝန်ရှိသူတစ်ဦးက လက်ခံယူသည်။ ထို့နောက် တက်ရောက်လာသည့် မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီနှင့် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့မှ အသင်းတော်ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



တောင်ဥက္ကလာပမြို့နယ်သို့ ပြောင်းရွှေ့လာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်သို့ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပြောင်းရွှေ့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အဖျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က အမှတ် (၁၄) ရပ်ကွက် သစ္စာလမ်း သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရောက်ရှိလာသော ယာယီနေရပ်စွန့်ခွာပြည်သူများကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းကာ အားပေးစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့်အဖွဲ့ဝင်များက တောင်ဥက္ကလာပမြို့နယ်အတွင်း ဖေဖော်ဝါရီ ၅ ရက်အထိ ရောက်ရှိလာသော ယာယီနေရပ်စွန့်ခွာပြည်သူ ၁၃၁၁ဦးအနက် ၅၆၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)





ရမည်းသင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဆင်း

ရမည်းသင်း ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်ဥပဒေရုံးတို့ ပူးပေါင်း၍ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ရမည်းသင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာသန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်စိုးစိုးမိုးက သင်တန်းသား သင်တန်းသူများအနေဖြင့် ပြစ်မှုဆိုင်ရာဥပဒေများ လေးစားလိုက်နာကြစေရေး ရှင်းလင်းပြောကြားကာ သင်တန်းသား သင်တန်းသူများကိုယ်စား ခရိုင်ကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း စုစုပေါင်း ၈၅ ဦး တက်ရောက်ကြပြီး ဥပဒေကို လေးစားလိုက်နာတတ်စေရန်၊ ဥပဒေပါပြစ်မှုများ၊ ရာဇဝတ်ဥပဒေ၊ အကြမ်းဖက်ဥပဒေ၊ မူးယစ်ဆေးဥပဒေ၊ လောင်းကစားဥပဒေ၊ ကလေးသူငယ်အခွင့်အရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ စသည့် ဥပဒေများကို သင်ကြားပို့ချခဲ့သည်။

ခရိုင်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ထပ်ဆင့်ရှင်းလင်း

ပုသိမ် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စု တရားလွှတ်တော် ချုပ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော် ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၈) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့် ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ တရားစီရင်ရေး ဆိုင်ရာ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်း ပြောကြားပြီး တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေးက မှာကြားချက်များနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေး ဦးစီးမှူးနှင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ် တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တာမွေမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၏ စီစဉ်မှုဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၂ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရိုန်က အမှာစကားပြောကြားခဲ့ပြီး အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ဒုတိယရဲမှူးဝေလွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)မှ ဒုတိယရဲမှူးဝေလွင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

နိုင်ငံလင်းအောင်(ပြန်/ဆက်)



ကျောက်ဆည်မြို့နယ် အေးမြကြည်လင်ဈေးဌာန ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဈေးအတွင်း မီးလောင်မှု ငြိမ်းသတ်မှုနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဆောင်ရွက်ခြင်း၊ ယာဉ်မတော်တဆမှု မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်းတို့ကို သရုပ်ပြလေ့ကျင့်စဉ်။ သက်ထက်

မြူကင်းစင်သောကောင်းကင်

လမင်းသန်း(ရှမ်းပြည်နယ်ပတ်ဝန်းကျင်)

မြူ၏အကြောင်း

"မြူ" ဟု ဆိုရာတွင် မြူမှုန်နှင့် မြူငွေ့နှစ်မျိုးကွဲပြားပြီး ၎င်းတို့ဖြစ်ပေါ်စေသော အကြောင်းအချက်များ၊ ၎င်းတို့၏ ဖွဲ့စည်းမှုများနှင့် သက်ရောက်မှုများ လည်း ခြားနားကြပါသည်။ မီးခိုးမြူငွေ့ (Smog)သည် မီးခိုး(Smoke)နှင့် မြူ (Fog)များ ပေါင်းစည်းမှုဖြစ်ပြီး နေရောင်ခြည်နှင့် ဓာတ်ပြုမှုကြောင့် ဖြစ်ပေါ်လာ ရပါသည်။

မြူမှုန် (Haze)သည် လေထုထဲတွင် ပျံ့နှံ့လွယ်သောအမှုန်များ (Suspended Particles) နှင့် ဓာတ်ငွေ့များမှ နေရောင်ခြည်ကိုစုပ်ယူပြီး လေထုဝန်းကျင်တွင် မြင်နိုင်စွမ်း (Visibility) လျော့နည်းရသည့် ဖြစ်စဉ်ဖြစ်ပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုကဲ့သို့ ဓာတုတုံ့ပြန်မှု/ ဓာတ်ပြုမှုများ ဖြစ်ပေါ်ခြင်းမဟုတ်ပါ။

မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် လေထုတွင် ထူထဲသော၊ အညိုရောင် သို့မဟုတ် မီးခိုးရောင်ရှိသော လေထုအလွှာများ ဖြစ်စေကာ မြူမှုန်ညစ်ညမ်းမှုသည် လေထုအား ကြည်လင်မှု/ မြင်နိုင်မှုကို လျော့ကျစေပြီး နို့မှန့်ကဲ့သို့ မှုန်ပါးသော လေထုအလွှာများ ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ မြူမှုန်လေထုအလွှာများသည် မီးခိုးမြူများထက် သိပ်သည်းဆ နည်း သောကြောင့် ပျံ့နှံ့မှုတွင်မြင့်မားကြသည်။

မီးခိုးမြူငွေ့ဖြစ်ပေါ်စေသော အဓိက အကြောင်းတရားများသည် ယာဉ်/ ယန္တရား အသုံးပြုမှုနှင့် စက်မှုလုပ်ငန်း များမှထွက်သော ထုတ်လွှတ်အခိုးအငွေ့ (Emission) များကြောင့်ဖြစ်ပြီး မြူမှုန် ဖြစ်ပေါ်စေသည့် အဓိကရင်းမြစ်များမှာ တောမီးလောင်ကျွမ်းမှု၊ စွန့်ပစ်စွန့်ပြား များ မီးရှို့မှု၊ ဖုန်မှုန့်များနှင့် စက်မှု လုပ်ငန်းညစ်ညမ်းမှုများမှ ဖြစ်ပါသည်။

ထို့ကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု များသည် စက်မှုဇုန်များ၊ မြို့ပြဧရိယာ များတွင် အဓိကဖြစ်ပေါ်ပြီး မြူမှုန် ညစ်ညမ်းမှုများသည် ကျေးလက်/ မြို့ပြ မရွေး၊ နေရာဒေသမရွေး ပျံ့နှံ့ဖြစ်ပေါ်စေ



၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်က မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံတို့ နယ်စပ်ဖြတ်ကျော် မြူညစ်ညမ်းမှုပြဿနာများ ဖြေရှင်းရန် ရည်ရွယ်သည့် "မြူကင်းစင်သောကောင်းကင် မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်(၂၀၂၄-၂၀၃၀)" ချမှတ်ရေး အခမ်းအနားကျင်းပစဉ်။

သည်။ ထို့အပြင် မီးခိုးမြူငွေ့(Smog) များထက် မြူမှုန်(Haze)များသည် အကာန့်အသတ်မရှိသော နယ်စပ်ဖြတ် ကျော် ညစ်ညမ်းမှုများကိုလည်း ဖြစ်ပေါ် စေသည်။

မြန်မာမှအသုံးအနှုန်းတွင် မြူငွေ့ ဖြစ်စေ၊ မြူမှုန်ဖြစ်စေ မီးခိုးမြူငွေ့ဟုသာ သုံးနှုန်းကြသော်လည်း အကန့်အသတ်မဲ့ နယ်စပ်ဖြတ်ကျော် မြူညစ်ညမ်းမှု ပြဿနာများအတွက် မြူငွေ့ညစ်ညမ်းမှု (Haze Pollution) ကိုသာ ဆိုလိုရင်း ဖြစ်သည်ကို နားလည်အပ်ပါသည်။ မြူမှုန်ညစ်ညမ်းမှု ပြဿနာများသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်တို့က ကိုင်တွယ်ဆောင်ရွက်ရန် မလွယ်ကူသော ဝိုင်းဝန်းစုပေါင်းဖြေရှင်း ရမည့် ကြီးမားကျယ်ပြန့်သော ပြဿနာ တစ်ရပ် ဖြစ်လာခဲ့သည်။

မြူငွေ့ညစ်ညမ်းမှု

မြူငွေ့ညစ်ညမ်းမှုများကြောင့် လေ အရည်အသွေးကျဆင်းခြင်း၊ တောရိုင်း တိရစ္ဆာန်များ မီးလောင်သေဆုံးခြင်း၊ နေရင်းဒေသများ ပျောက်ဆုံးခြင်း၊ ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ ရေများရှားပါးခြင်းနှင့် ရေချိုအရင်းအမြစ်များဆုံးရှုံးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ သစ်တောဧရိယာများဆုံးရှုံးခြင်း၊ အသက်အိုးအိမ်များ ဆုံးရှုံးခြင်း၊ ခရီးသွားလုပ်ငန်းများကို ထိခိုက်ခြင်း၊ နိုင်ငံ့ဘဏ္ဍာငွေများဆုံးရှုံးခြင်း၊ လူသားကျန်းမာရေးပြဿနာများ ဖြစ်ပေါ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်ခြင်းများကို ဖြစ်ပေါ်စေ သည်။

နယ်စပ်ဖြတ်ကျော်မြူညစ်ညမ်းမှု (Transboundary Haze Pollution) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သိသာထင်ရှားသော ဆိုးကျိုးတစ်ခုဖြစ်ပါ သည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စီမံချက် များ၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ပြီး ဒေသအဆင့်နှင့် အမျိုးသားအဆင့် အလိုက် လက်တွေ့ကျင့်သုံးဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်။

မြူကင်းစင်သော မဟာဗျူဟာ

အရှေ့တောင်အာရှနိုင်ငံများမှ မြန်မာ နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ တို့သည် နယ်စပ်ဖြတ်ကျော် မြူညစ်ညမ်းမှု ပြဿနာများကို ဖြေရှင်းရန်ရည်ရွယ် သည့် "Joint Plan of Action – CLEAR Sky Strategy–(2024–2030)" မြူကင်း စင်သောကောင်းကင် မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်(၂၀၂၄-၂၀၃၀) ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

မြူကင်းစင်သောကောင်းကင် မဟာ ဗျူဟာတွင် "CLEAR" အား အထူးပြုပြီး လုပ်ငန်းစဉ်များအနေဖြင့် ၎င်း၏စကား လုံးများဖြစ်သည့် (C = Continued Commitment)၊ (L = Leveraging Mechanisms)၊ (E = Experience Sharing)၊ (A = Air Quality Networks)၊ (R = Response) ဖြင့် ကိုယ်စားပြုဖော်ပြ ထားပါသည်။ (၁) ကတိကဝတ်များအား ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ် ခြင်း၊ ရေများရှားပါးခြင်းနှင့် ရေချိုအရင်း အမြစ်များဆုံးရှုံးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ အသက်အိုးအိမ်များ ဆုံးရှုံးခြင်း၊ ခရီးသွားလုပ်ငန်းများကို ထိခိုက်ခြင်း၊ နိုင်ငံ့ဘဏ္ဍာငွေများဆုံးရှုံးခြင်း၊ လူသား ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်ခြင်း နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်ခြင်းများကို ဖြစ်ပေါ်စေ သည်။

နယ်စပ်ဖြတ်ကျော်မြူညစ်ညမ်းမှု (Transboundary Haze Pollution) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သိသာထင်ရှားသော ဆိုးကျိုးတစ်ခုဖြစ်ပါ သည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စီမံချက် များ၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ပြီး ဒေသအဆင့်နှင့် အမျိုးသားအဆင့် အလိုက် လက်တွေ့ကျင့်သုံးဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်။

မြူကင်းစင်သော မဟာဗျူဟာ

အရှေ့တောင်အာရှနိုင်ငံများမှ မြန်မာ နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ တို့သည် နယ်စပ်ဖြတ်ကျော် မြူညစ်ညမ်းမှု ပြဿနာများကို ဖြေရှင်းရန်ရည်ရွယ် သည့် "Joint Plan of Action – CLEAR Sky Strategy–(2024–2030)" မြူကင်း စင်သောကောင်းကင် မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်(၂၀၂၄-၂၀၃၀) ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

မြူကင်းစင်သောကောင်းကင် မဟာ ဗျူဟာတွင် "CLEAR" အား အထူးပြုပြီး လုပ်ငန်းစဉ်များအနေဖြင့် ၎င်း၏စကား လုံးများဖြစ်သည့် (C = Continued Commitment)၊ (L = Leveraging Mechanisms)၊ (E = Experience Sharing)၊ (A = Air Quality Networks)၊ (R = Response) ဖြင့် ကိုယ်စားပြုဖော်ပြ ထားပါသည်။ (၁) ကတိကဝတ်များအား ဆက်လက်ဆောင်ရွက်ရန်၊ (၂) ထိန်းချုပ် ရေးလုပ်ငန်းများ မြှင့်တင်ရန်၊ (၃) အတွေ့ အကြုံများ မျှဝေရန်၊ (၄) လေအရည် အသွေးကွန်ရက်များ သိရှိနားလည်ရန်နှင့် (၅) တုံ့ပြန်ဆောင်ရွက်ရန် စသည့် လုပ်ငန်းစဉ်များဖြစ်ပါသည်။

မဟာဗျူဟာ၏ ပူးတွဲလုပ်ဆောင်မှု အစီအစဉ်တွင် မြန်မာ၊ ထိုင်းနှင့် လာအို နိုင်ငံများအကြား ခိုင်မာသော ပူးပေါင်း ဆောင်ရွက်မှုကို ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ သတ်မှတ်ထားပြီး မြူညစ်ညမ်းမှုထိန်းချုပ်ရေး၊ နှိမ်နင်းရေး၊ လျော့ချရေး၊ ကြိုတင်ခန့်မှန်းမှုနှင့် စောင့်ကြည့်မှုစနစ်များ အားကောင်းစေ ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုး ရေးစီမံခန့်ခွဲမှုကို မြှင့်တင်ရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုကို မြှင့်တင်ရေးတို့ဖြစ်ပါ သည်။

ကတိကဝတ်များအား ဆက်လက်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) ကို ၂၀၁၃ ခုနှစ်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ် ဖြတ်ကျော် မြူညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်၏ ရည်ရွယ် ချက်မှာ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့် တိုးမြှင့်ဆောင်ရွက်ပြီး တောမီး လောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုး မျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီး တို့မဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော် မြူညစ်ညမ်းမှုပြဿနာများကို တားဆီး ရန်နှင့် စောင့်ကြည့်လေ့လာရန်တို့ဖြစ်ပါ သည်။

၂၀၁၇ ခုနှစ်တွင် မဲခေါင်ဒေသခွဲနိုင်ငံ များ၏ ချင်းရိုင် ၂၀၁၇ လုပ်ငန်းစီမံချက် (Chiang Rai 2017 Plan of Action) ကို ချမှတ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ဖြစ်ပေါ်မှု အရေအတွက်ကို နှစ်အလိုက်လျှော့ချ ထိန်းချုပ် ဆောင်ရွက်နိုင်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် မြူကင်း စင်သောကောင်းကင် မဟာဗျူဟာ၏ ကတိကဝတ်များကို ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းစဉ်အတိုင်း နိုင်ငံတကာ သဘောတူညီချက်များနှင့် ချမှတ်ထားသော လုပ်ငန်းစီမံချက်များ ကို အကောင်အထည်ဖော် ဆောင်ရွက် ရမည်ဖြစ်သည်။

ထိန်းချုပ်ရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတွင် မြူညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်း များမှာ စွန့်ပစ်အမှိုက်ပုံများ မီးလောင်/ မီးရှို့ခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ ဖြစ်သည့် ရိုးပြတ်များ၊ ကောက်ရိုးများနှင့် စပါးခွံများကို မီးရှို့ခြင်း၊ တောင်ယာ ခွဲထွင်ရန် မီးရှို့ခြင်း၊ သစ်တောများတွင် မဆင်မခြင် မီးအသုံးပြုခြင်းမှ တောမီး လောင်ကျွမ်းခြင်းတို့ ဖြစ်ပါသည်။

ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအနေ ဖြင့် တောမီးနှင့် အခြားအကြောင်း အမျိုးမျိုးကြောင့် လောင်ကျွမ်းသောမီး များ ကာကွယ်ထိန်းချုပ်ရန်၊ စွန့်ပစ် ပစ္စည်းများ စည်းကမ်းမဲ့မီးရှို့ခြင်း သို့မဟုတ် လဟာပြင်မီးရှို့ခြင်းများ တားဆီးရန်၊ ပြည်သူလူထုသို့ အသိပညာ ပေးရန်၊ ကဏ္ဍအလိုက် စည်းကမ်း သတ်မှတ်ချက်များ ထုတ်ပြန်ရန်၊ သက်ဆိုင်ရာ အစိုးရဌာန/ အဖွဲ့အစည်း များ ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ပြီး မြူကင်းစင်သောမဟာဗျူဟာ ချမှတ်မှု အတိုင်း တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်သည်။

အတွေ့အကြုံများ မျှဝေခြင်း

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်မှစပြီး အာဆီယံ-ဩစတြေးလျ ပူးပေါင်း ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ၏ ငွေကြေးနှင့် နည်းပညာထောက်ပံ့မှု တို့ဖြင့် မလေးရှားနိုင်ငံအခြေစိုက် ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဗဟိုဌာန၏ အကူအညီရယူကာ မြူညစ်ညမ်းမှု ဆိုင်ရာနှင့် သစ်ဆွေးမြေဆိုင်ရာ သင်တန်းများကို ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းများမှရရှိသော အသိပညာ များ ပြန်လည်မျှဝေခြင်း၊ ဒေသတွင်း/ နိုင်ငံတွင်း အကောင်အထည်ဖော်မှုလုပ်ငန်း အချက်အလက်များအား အစိုရှင်ခံစာများ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်သည်။

လေအရည်အသွေးကွန်ရက်များ သိရှိနားလည်ခြင်း

တောမီးနှင့် မြူညစ်ညမ်းမှုများ စောင့်ကြည့်အကဲဖြတ်ရန် အာဆီယံ ဒေသတွင်း ဗဟိုဌာနအဖြစ် ASEAN Specialised Meterological Centre (ASMC) ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါ သည်။ *စာမျက်နှာ ၁၁ သို့*


" မြူငွေ့ညစ်ညမ်းမှုများကြောင့် လေအရည်အသွေးကျဆင်းခြင်း၊ တောရိုင်းတိရစ္ဆာန်များ မီးလောင်သေဆုံးခြင်း၊ နေရင်းဒေသများ ပျောက်ဆုံးခြင်း၊ ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ ရေများရှားပါးခြင်းနှင့် ရေချိုအရင်းအမြစ်များဆုံးရှုံးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ သစ်တောဧရိယာများဆုံးရှုံးခြင်း၊ အသက်အိုးအိမ်များ ဆုံးရှုံးခြင်း၊ ခရီးသွားလုပ်ငန်းများကို ထိခိုက်ခြင်း၊ နိုင်ငံ့ဘဏ္ဍာငွေများဆုံးရှုံးခြင်း၊ လူသားကျန်းမာရေးပြဿနာများ ဖြစ်ပေါ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်ခြင်းများကို ဖြစ်ပေါ်စေ "

ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

မိတ္ထီလာ ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးအောင်ဇော်ဦးသည် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ မြို့ရွာလမ်း၊ ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ရမည်းသင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၂၂ ဒသမ ၅၉၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ထီးလှိုင်-ရွှေကူဘုရားသွား ကုန်ထုတ်လမ်း တစ်မိုင်လေးဖာလုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြည်ထောင်စု အထွေထွေပို့ကုန်ပုံငွေကျပ် ၄၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော အင်ကြင်းကန်-အုတ်ဖို-



ဆူးတပ်ရွာသွားလမ်းပေါ်ရှိ တံတား လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ရမည်းသင်းမြို့နယ်အတွင်း လမ်းဦးစီးဌာနကြီးကြပ်ရေးအဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု မူလငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၉၅ ဒသမ ၂၄ သန်းဖြင့် ရမည်းသင်း-ကန်ဘဲ - ကုက္ကိုပင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပျော်ဘွယ်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၇ သန်းဖြင့် ပျော်ဘွယ်-ကျောက်ဆည်-ရွှေညောင်ဖူးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်အတွင်း တိုင်းဒေသကြီး လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဖြည့်စွက်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၈၀ ဒသမ ၃၇၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာမြို့ရှောင်လမ်း အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

တရားစီရင်ရာတွင် ပြည်သူများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်

ဘားအံ ဖေဖော်ဝါရီ ၂၃

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ယမန်နေ့က ကရင်ပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ထပ်ဆင့် ရှင်းလင်းပွဲတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွှန့်လင်းက တရားစီရင်ရာတွင် ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ကြရန်နှင့် ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ တရားရုံး စီမံခန့်ခွဲရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ အချုပ်တရားခံပါအမှုများကို ကြန့်ကြာမှုမရှိစေဘဲ စစ်ဆေးကြရန်နှင့် ခံဝန်အမှုများကိုလည်း ပြီးသင့်ပြီးထိုက်သည့် အချိန်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ကြရန်၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည့် အမှုများကိုလည်း ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ကြရန်၊ ပြဋ္ဌာန်းထားပြီးဖြစ်သော မူပိုင်ခွင့်ဥပဒေများသည် အာဏာသက်ရောက်ပြီး ဖြစ်သည့်အတွက် မူပိုင်ခွင့်ဥပဒေ ချိုးဖောက်၍ စွဲဆိုလာမှုများကို မူပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးစီရင်ဆုံးဖြတ်ကြရန်၊ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ တတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၅) အောင်မြင်စေရေး အတွက် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ တရားသူကြီးများသည် တရားစီရင်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရုံမျှဖြင့် လုံလောက်ပြီဟု ဆိုနိုင်မည်မဟုတ်ဘဲ ပြောင်းလဲနေသည့် ခေတ်ကို မျက်ခြည်မပြတ်လေ့လာ၍ ခေတ်နှင့်အညီ မိမိ၏ ကိုယ်ပိုင်အရည်အချင်းများ တိုးတက်မြင့်မားရေးကိုလည်း အလေးပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။



အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်/မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း

မက်မန်း ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် အေးကျန့်အုပ်စု ကွန်ဟောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၀၁၈-၂၀၁၉ စီမံကိန်းနှစ် သတ္တမစက်ဝန်းတွင် မြစိမ်းရောင်ချေးငွေကျပ်သိန်း ၃၀၀ ကို စတင်ထုတ်ချေးပေးခဲ့ပြီး ယခုအခါ အတိုးရငွေကျပ် ၁၃၄၈၁၀၀ စုစုပေါင်း ကျပ် ၄၃၄၈၁၀၀ ရရှိခဲ့ရာ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ၆ ဒသမ ၉ သန်းဖြင့် အရှည် ၁၁၅ ပေ၊ အကျယ် ၁၂ ပေ၊ ၃ ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တီတီ(မက်မန်း)**

စာမျက်နှာ ၁၀ မှ

အာဆီယံဒေသတွင်း နိုင်ငံများအတွင်း မီးလောင်ကျွမ်းမှုဖြစ်စဉ် (Fire Hotspot) များကို အဆိုပါ ASMC ၏ ဝက်ဘ်ဆိုက်မှ တစ်ဆင့်စောင့်ကြည့်၍ ပုံမှန်သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်များ၏ ခရိုင်/ မြို့နယ်အလိုက် ဝန်းကျင်လေထုအရည်အသွေးများကို လစဉ်စောင့်ကြည့်တိုင်းတာခြင်း၊ လေအရည်အသွေးအညွှန်းကိန်း (AQI) များတွက်ချက်၍ အချက်အလက်များ ထုတ်ပြန်ခြင်း၊ မီးလောင်ကျွမ်းမှု(Fire Hotspot)များကို စောင့်ကြည့်ပြီး ထူးခြားဖြစ်စဉ်များအပေါ် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တို့ပြန်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတွင် မီးလောင်ကျွမ်းမှု (Fire Hotspot) အများဆုံး တွေ့ရှိရသည့် ကာလသည် ဆောင်းအကုန် နွေအကူး ခြောက်သွေ့သည့် ပွင့်လင်းရာသီကာလများတွင် အများဆုံးဖြစ်ပါသည်။ ASMC ၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် မီးလောင်ကျွမ်းမှု (Fire Hotspot) ပေါ်ပေါက်မှုသည် ၂၀၂၀ ပြည့်နှစ်တွင် အကြိမ် ၅၆၅,၈၀၊ ၂၀၂၁ ခုနှစ်တွင် ၃၃၄,၀၄၆ ကြိမ်၊ ၂၀၂၂ ခုနှစ်တွင် ၃၀၈,၀၆၅ ကြိမ်၊ ၂၀၂၃ ခုနှစ်တွင် ၅၆၈,၆၅၅ ကြိမ်နှင့် ၂၀၂၄ ခုနှစ်တွင် ၅၁၂,၀၇ ကြိမ် ပေါ်ပေါက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၎င်းမီးလောင်ကျွမ်းမှု ပေါ်ပေါက်မှုသည်လည်း အာဆီယံဒေသတွင်း၌လာဆိုနိုင်ငံနှင့် မြန်မာနိုင်ငံသည် ပေါ်ပေါက်မှု အများဆုံးဖြစ်ပြီး ယင်းအခြေအနေကို လျော့နည်းစေရေး တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ရသော မီးလောင်ကျွမ်းမှု (Fire Hotspot) အများစုသည် တောမီးလောင်ကျွမ်းမှုထက် စိုက်ပျိုးရေးမှထွက်ရှိသော ဓွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာဆောင်ရွက်မှုအတွက် မီးရှို့ခြင်းတို့မှ အဓိကဖြစ်ပေါ်ရပါသည်။ ဖော်ပြပါ ဖြစ်ပေါ်မှုအကြောင်းရင်းများကို ထိန်းချုပ် ဆောင်ရွက်သွားရပါမည်။ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုခြင်း၊ ဓလေ့ရိုးရာ အသုံးအနှုန်းအားဖြင့် **"ထယ်မှောက်ခြင်း"** ဟု ခေါ်သော ရိုးပြတ်အမှိုက်များကို လယ်ယာမြေများတွင် စုပေါင်းသမထွန်ယက်ခြင်း၊ ရွှေ့ပြောင်းတောင်ယာများအစား လေ့ကားထစ်စိုက်ပျိုးခြင်း၊ နှစ်ရှည်သီးနှံများဖြင့် ရောနှောစိုက်ပျိုးခြင်း၊ သင့်လျော်သော စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲကျင့်သုံးခြင်း တို့ဖြင့် တုံ့ပြန်ဆောင်ရွက်သွားရပါမည်။

တိုက်တွန်းနှိုးဆော်ချက်

သို့အတွက် ၂၀၂၄ ခုနှစ်မှစတင်၍ ၂၀၃၀ ကာလအထိ ချမှတ်ထုတ်ပြန်ခဲ့သော မြူကင်းစင်သောကောင်းကင် မဟာဗျူဟာ CLEAR SkyStrategy-(2024–2030) ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အတူ မိမိတို့နိုင်ငံတွင်းနှင့် ဒေသတွင်း၏ လေထုအလွှာတွင် မြူဩဇာညစ်ညမ်းမှုများ လျော့နည်းပပျောက်ရန် ပူးပေါင်းမှုအစီအစဉ်များဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်ကို တိုက်တွန်းဖော်ပြအပ်ပါသည်။ ။

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေးမှသည် ရေရှည်တည်တံ့သောစိုက်ပျိုးရေးဆီသို့ ...

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (Conservation Agriculture– CA) ဟာ မြန်မာနိုင်ငံမှာ မြေဆီလွှာပျက်စီးမှု၊ ရေရှားပါးမှုနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အဓိကမဟာဗျူဟာတစ်ရပ်အဖြစ် ပေါ်ထွက်လျက်ရှိပါတယ်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရေရှည်ရှင်သန်ဖို့အတွက် အရေးကြီးတဲ့အချက်ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရင်း ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေး စနစ်တွေအပေါ် အားထားပြီး ကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်တဲ့ နည်းလမ်းတစ်ခုအဖြစ် ရပ်တည်နေပါတယ်။

မေမျိုးမြင့်မြတ်ထွန်း (စစ်ကိုင်း)

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ

စိုက်ပျိုးရေးဟာ မြန်မာ့စီးပွားရေးရဲ့ အဓိက ကျောရိုးဖြစ်ပြီး မြန်မာနိုင်ငံ လူဦးရေရဲ့ ၇၀ရာခိုင်နှုန်း ကျော်ဟာ လယ်ယာလုပ်ငန်းနဲ့ လုပ်ကိုင်အသက်မွေးနေကြပါတယ်။ ဒါပေမယ့် အလွန်အကျွံထယ်ထိုးထွန်ယက်ခြင်း၊ သီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးခြင်း စတဲ့ မိရိုးဖလာစိုက်ပျိုးနည်းစနစ်တွေကြောင့် မြေဆီလွှာပျက်စီးဆုံးရှုံးတာတွေ၊ အထွက်နှုန်းကျဆင်းတာတွေ အပါအဝင် သစ်တောပြုန်းတီးခြင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်တွေ စတဲ့စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့် မိရိုးဖလာ လယ်ယာစိုက်ပျိုးရေး အလေ့အကျင့်တွေနဲ့ ဆက်စပ်နေပြီး သဘာဝအရင်းအမြစ်တွေကိုလည်း ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးစနစ်ဆီသို့ ဦးတည်နေတဲ့ သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေးကို ပိုမိုလုပ်ဆောင်ကြဖို့ လိုအပ်လာပြီပဲဖြစ်ပါတယ်။


သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးထားသည့် စံပြစိုက်ခင်းတစ်ခု။

သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေးမှာ အဓိကလုပ်ဆောင်ရမယ့် လုပ်ငန်းစဉ် သုံးရပ် ရှိပါတယ်။

၁။ မြေဆီလွှာထွန်ယက်မှုကို အနည်းဆုံးဆောင်ရွက်ခြင်း (သို့) ထယ်ရေးမဲ့စိုက်ပျိုးခြင်း

ထယ်ထိုးထွန်မွေတာဟာ စိုက်ပျိုးရေးလုပ်ငန်းရဲ့ ပထမဆုံးလုပ်ငန်းအဖြစ် ယူဆခဲ့ကြသလို ထယ်ရေးနက်နက် ထွန်ရေးညက်ညက်ဖြစ်မှသာ မျိုးစေ့တွေ ကောင်းစွာ အပင်ပေါက်နိုင်တယ်လို့ မှတ်ယူခဲ့ကြပါတယ်။ ဒါပေမယ့် နှစ်လများစွာ ထွန်ယက်စိုက်ပျိုးခဲ့တဲ့ မြေတွေဟာ မြေဆီလွှာအာဟာရဓာတ် တဖြည်းဖြည်း ဆုံးရှုံး၊ မြေသားတည်ဆောက်မှုပျက်စီးသွားပြီး မြေတိုက်စားမှုဒဏ်ကို အလွယ်တကူ ခံစားရကာ တောင်သူဦးကြီးတွေအတွက် သီးနှံအထွက်နှုန်းတွေ ထိခိုက်နေပါတယ်။ ဒါကြောင့်ပဲ သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေး (CA) မှာ မြေကြီးကို အနည်းငယ်မျှသာ တူးဆွပြီး စိုက်ပျိုးဖို့ လမ်းညွှန်ထားပါတယ်။

ထယ်ရေးမဲ့စိုက်ပျိုးမှုကြောင့် မြေဆီလွှာကို နေ၊ ရေ၊ လေ တိုက်စားမှုကာကွယ်ပေးပြီး မြေဆီလွှာအစိုဓာတ်နဲ့ အပူချိန်ကို ထိန်းညှိပေးခြင်း၊ မြေဆီလွှာထဲရှိအဏုဇီဝသက်ရှိတွေ ပိုမိုပေါက်ပွားရှင်သန်နိုင်ပြီး မြေဆီလွှာအာဟာရဓာတ်ပြည့်ဝကာ ရေရှည်ထိစိုက်ပျိုးလုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။

၂။ မြေဆီလွှာကို အဖြေတမ်းဖုံးအုပ်ထားခြင်း

သီးနှံပင်အကြွင်းအကျန်တွေ (သို့)မြေဖုံးပင်တွေ စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကို အဖြေတမ်း ဖုံးအုပ်ထားရပါမယ်။ အဓိကသီးနှံပင် မစိုက်ပျိုးမီ မြေကြီးကို နေ၊ ရေ၊ လေ တိုက်ရိုက်ထိတွေ့ခြင်းမှ ကာကွယ်စေဖို့နဲ့ မြေတွင်းရေသိုလှောင်ထိန်းသိမ်းမှုအားကောင်းပြီး မြေဆီလွှာကျန်းမာကာ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးဖြစ်လာစေဖို့ ရည်ရွယ်ပါတယ်။ သီးနှံအကြွင်း အကျန်တွေကို မီးမရှို့ဘဲ ပြန်လည်အသုံးပြုခြင်းကြောင့် လေထုညစ်ညမ်းမှုကို လျော့ချနိုင်ပြီး ၎င်းတို့မှ မြေဆွေးအဖြစ်ရရှိကာ မြေဆီဩဇာပိုမိုထက်သန်လာစေတဲ့ စနစ်ဖြစ်ပါတယ်။

၃။ သီးနှံစုံအလှည့်ကျ စိုက်ပျိုးခြင်း

သီးလှည့်စိုက်ပျိုးခြင်း၊ သီးနှံစုံကို ရောစပ်၍ စိုက်ပျိုးခြင်းဖြင့် သီးနှံတစ်မျိုးတည်းပေါ်မှာ ကျရောက်လေ့ရှိတဲ့ ရောဂါပိုးမွှားတွေရဲ့ သဲသရာစက်ဝန်းကို ဖြတ်တောက်သလိုဖြစ်ပြီး ရောဂါပိုးမွှားကျရောက်မှုကို လျော့နည်းစေပါတယ်။

အကျိုးကျေးဇူးများ

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (CA)ဟာ မထွန်ယက်ခြင်းကြောင့် မြေကြီးတည်ဆောက်မှု မပျက်စီးခြင်း၊ မြေတွင်းရှိ အော်ဂဲနစ်ပစ္စည်းတွေနဲ့ သက်ရှိ အဏုဇီဝတွေ ပျက်စီးဆုံးရှုံးမှုမရှိခြင်း၊ လောင်စာသုံးစွဲမှု လျော့ချနိုင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းပေးနိုင်ခြင်း၊ ရာသီဥတုနဲ့ လိုက်လျောညီထွေစွာ စိုက်ပျိုးနိုင်ခြင်း၊ မြေဖုံးထားခြင်းကြောင့် ပေါင်းပေါက်ရောဂါမှု လျော့နည်းခြင်း၊ သစ်ဆွေးခတ် ရရှိပြီး မြေအပူချိန်သမမျှတကာ မြေဆီလွှာရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိတွေ ပိုမိုကောင်းမွန်လာခြင်းနဲ့အတူ သီးနှံမျိုးကွဲအစုံစိုက်ပျိုးခြင်းဖြင့် ရောဂါပိုးမွှားကျရောက်မှု လျော့နည်းလာပြီး သဘာဝအရင်းအမြစ်များကို ပိုမိုထိရောက်အောင် သုံးစွဲလာနိုင်ကာ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးစနစ်ဖြစ်ပါတယ်။

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (CA) ဟာ အနာဂတ်မှာ လိုအပ်လာမယ့် စားရေရိက္ခာကို အကောင်းဆုံးဖြည့်ဆည်းပေးမယ့် နည်းစနစ်ဖြစ်ပါတယ်။ လုပ်ကွက်ငယ် တောင်သူတွေနဲ့ အထူးသင့်လျော်ပြီး အကျိုးအမြတ်ရရှိတဲ့အပြင် မိသားစုဝမ်းစာဖူလုံရုံသာမက ပိုလျှံလာစေမယ့် စိုက်ပျိုးရေးစနစ် ဖြစ်ပါတယ်။ ရေငွေ့ပြန်ခြင်းကို လျော့ချပေးခြင်းကြောင့် မိုးခေါင်ရေရှားဒေသတွေမှာ ရေအရင်းအမြစ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးပါတယ်။ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးသုံးစွဲမှုကို လျော့ချနိုင်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျော့နည်းစေတယ်။ တောင်သူဝင်ငွေတိုးတက်စေပြီး လူမှုဘဝသာယာဝပြောလာစေနိုင်တဲ့ နည်းစနစ်ကောင်း ဖြစ်ပါတယ်။

“သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (CA) ဟာ အနာဂတ်မှာ လိုအပ်လာမယ့် စားရေရိက္ခာကို အကောင်းဆုံးဖြည့်ဆည်းပေးမယ့် နည်းစနစ်ဖြစ်ပါတယ်။ လုပ်ကွက်ငယ် တောင်သူတွေနဲ့ အထူးသင့်လျော်ပြီး အကျိုးအမြတ်ရရှိတဲ့အပြင် မိသားစုဝမ်းစာဖူလုံရုံသာမက ပိုလျှံလာစေမယ့် စိုက်ပျိုးရေးစနစ် ဖြစ်ပါတယ်။ ရေငွေ့ပြန်ခြင်းကို လျော့ချပေးခြင်းကြောင့် မိုးခေါင်ရေရှားဒေသတွေမှာ ရေအရင်းအမြစ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးပါတယ်။ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးသုံးစွဲမှုကို လျော့ချနိုင်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျော့နည်းစေတယ်။ တောင်သူဝင်ငွေတိုးတက်စေပြီး လူမှုဘဝသာယာဝပြောလာစေနိုင်တဲ့ နည်းစနစ်ကောင်း ဖြစ်ပါတယ်”

လက်ရှိဆောင်ရွက်ဆဲ

အခုလက်ရှိမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (CA) နည်းပညာပြန့်ပွားရေး အစီအစဉ်တွေ၊စမ်းသပ်စိုက်ကွင်းတွေ၊ စိုက်ပျိုးရေးသင်တန်းကျောင်းတွေမှ တစ်ဆင့် CA ကို အဆင့်မြှင့်တင်ပြီး တောင်သူတွေကို မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးစနစ်ဆီသို့ ပြောင်းလဲဖို့ လိုအပ်တဲ့ ကိရိယာတွေ၊ နည်းပညာဖြန့်ဝေခြင်း သင်တန်းတွေ ဆောင်ရွက်နေပါတယ်။

အနာဂတ်အလားအလာ

မြန်မာနိုင်ငံရဲ့ မတူကွဲပြားတဲ့ စိုက်ပျိုးရေးဂေဟစနစ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ စိုက်ပျိုးနည်းစနစ်ဖြစ်စေဖို့ လိုအပ်တဲ့ သုတေသနဆောင်ရွက်မှုတွေ လုပ်ဆောင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွေ ပို့ချခြင်း၊ စမ်းသပ်စိုက်ကွင်းတွေ ပိုမိုတိုးချဲ့စိုက်ပျိုးခြင်း၊ သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေး (CA)ကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးခြင်းဖြင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို တောင်သူတွေကို လက်ဆင့်ကမ်းမျှဝေပေးပြီး လိုအပ်တဲ့ အရင်းအမြစ်တွေဖြစ်တဲ့ စက်ကိရိယာတွေ၊ သီးနှံမျိုးစေ့တွေကို အစိုးရနဲ့ ပုဂ္ဂလိကအဖွဲ့တွေ ပူးပေါင်းပြီး တောင်သူတွေကို ကူညီထောက်ပံ့ပေးခြင်းဖြင့် CA ကို တွင်ကျယ်စွာ လက်ခံကျင့်သုံးတဲ့ တောင်သူတွေ တိုးပွားလာပြီး မိမိတို့ နိုင်ငံမှာ ရေရှည်တည်တံ့တဲ့ ဝန်းကျင်မပျက် စိုက်ပျိုးရေးစနစ်မှာ အနာဂတ် စိုက်ပျိုးရေးစနစ်မှာ အရေးပါတဲ့ အခန်းကဏ္ဍအနေနဲ့ ပါဝင်လာမှာ ဖြစ်ပါတယ်။

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေးဟာ မြန်မာ့လယ်ယာကဏ္ဍရဲ့ အနာဂတ်အတွက် မြေဆီဩဇာထက်သန်ပြီး သီးနှံအထွက်နှုန်းတိုးတက်စေဖို့၊ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ဖို့နဲ့ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံနိုင်ရည်ရှိအောင် မြှင့်တင်ပေးနိုင်ပြီး ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးနည်းလမ်းတစ်ခုအဖြစ် ရှေ့ဆောင်နေပါတယ်။ စိုက်ပျိုးပညာပေးရေးနဲ့ သဘာဝအရင်းအမြစ်တွေမှာ မှန်ကန်တဲ့ ပံ့ပိုးကူညီမှုတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေဆက်လက်ပြုလုပ်ခြင်းဖြင့် CA ဟာ မြန်မာနိုင်ငံမှာ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအုတ်မြစ်ဖြစ်လာနိုင်ပြီး နောင်လာနောက်သားတွေအတွက် စားရေရိက္ခာဖူလုံရေးနဲ့ လူမှုစီးပွားဘဝ စည်ပင်ဝပြောလာမှာဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

တွံတေးမွေးမြူရေးဇုန်သို့ မွေးမြူရေးသိပ္ပံ သင်တန်းသားသင်တန်းသူများ လက်တွေ့ကွင်းဆင်း

တွံတေး ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မွေးမြူရေးဇုန်သို့ ဒေါက်တာရန်နိုင်ဦး ဦးဆောင်သော မွေးမြူရေးသိပ္ပံ သင်တန်းသား သင်တန်းသူ ၂၄ ဦးသည် ဖေဖော်ဝါရီ ၂၁ ရက်က လက်တွေ့ကွင်းဆင်းလေ့လာကြသည်။

ဦးစွာ မွေးမြူရေးဇုန်ရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမင်းညွှန့်ဦးက မွေးမြူရေးဇုန်ထူထောင်ရခြင်း၏ ရည်ရွယ်ချက်၊ မွေးမြူသူများ လိုက်နာရမည့် စည်းကမ်းနှင့်အချက်အလက်များ ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက မွေးမြူရေးဇုန်အတွင်း မွေးမြူထားသော တိရစ္ဆာန်များနှင့် ၎င်းတို့၏ ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွင်းဆင်းကာကွယ်ကုသရေးအဖွဲ့သည် မွေးမြူရေးဇုန်အတွင်းရှိ နွားမွေးမြူရေး၊ ကြက်မည်းမွေးမြူရေးနှင့် ဝှံးမွေးမြူရေးခြံများသို့ သွားရောက်ပြီး ကာကွယ်ကုသရေးလုပ်ငန်းများ၊ နွား ၂၄ ကောင်ကို ပေါင်ပုပ်၊ လက်ပုပ်ကာကွယ်ဆေးထိုးနှံခြင်း၊ နွား ၂၅ ကောင်ကို ကုသဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် တွံတေးမြို့နယ် ဘုရားကြီးကျေးရွာရှိ BOSS နို့ပေါင်းနှင့် ဒိန်ချဉ်စက်ရုံတွင် နို့ထွက်ပစ္စည်းထုတ်လုပ်မှုကို သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြပြီး ကွမ်းခြံကုန်းမြို့နယ် နေကြာ စံပြ ၈က ၁၀၀ စိုက်ခင်းအတွင်း ပျားနှင့်ဝတ်မှုန်ကူးခြင်း ဝန်ဆောင်မှုပေးဆောင်နေမှုကို လက်တွေ့လေ့လာခဲ့ကြကြောင်း သိရသည်။ **တွံတေးသား**



ဝမ်းတွင်းမြို့နယ်၌ နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့် တွေ့ဆုံ

ဝမ်းတွင်း ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင် ဦးရွှေဇင်နှင့် အဖွဲ့ဝင်များသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တူ ဖေဖော်ဝါရီ ၂၃ ရက်က ဂုဏ်ရွာ၊ ဆူးပန်း၊ ကုန်းရွာ၊ ရိုးစုံကျေးရွာများမှ နွေသီးနှံစိုက်ပျိုးမည့် တောင်သူများအား ကင်းတား ရှင်းလင်းဆောင်ခြင်း လည်းကောင်း၊ ညောင်ပင်လှကျေးရွာ မမွာရုံ၌လည်းကောင်း တွေ့ဆုံသည်။



ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက နွေသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့်တွေ့ဆုံ၍ နွေသီးနှံပန်းတိုင် အထွက်နှုန်း ရရှိစေရေးအတွက် ဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး မြေပြင်ကွင်းဆင်း ကြီးကြပ်ရေးအဖွဲ့တွင် ပါဝင်သော တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ မိတ္ထီလာခရိုင်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က စိုက်ပျိုးမည့် နွေနှမ်း၊ ဝါ၊ နွေစပါး၊ ပဲတီစိမ်းသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးသက်ဆိုင်ရာ ကဏ္ဍာအလိုက် အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝမ်းတွင်းမြို့နယ် အနေဖြင့် နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဂုဏ်ရွာကျေးရွာတွင် နွေသီးနှံပေါင်း ၁၃၁ ဧက၊ ဆူးပန်းကျေးရွာတွင် ဧက ၂၇၅၅၊ ကုန်းရွာကျေးရွာတွင် ၆၆၉ ဧက၊ ရိုးစုံကျေးရွာတွင် ဧက ၄၇၀၊ ညောင်အုပ်ဖီးကျေးရွာတွင် ဧက ၈၁၀၊ ညောင်ပင်လှကျေးရွာတွင် ဧက ၄၈၀၊ နဘဲကန်ကျေးရွာတွင် ၃၂၄ ဧက၊ အင်းကန်းကုန်းကျေးရွာတွင် ဧက ၁၄၅၊ အင်းခမ်းကြီးကျေးရွာတွင် ၃၆၁၆ ဧက စုစုပေါင်း နွေသီးနှံစိုက်ပျိုး ဧက ၁၄၈၂၇ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ် ငှက်ကြီးဒေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်ကြီးဒေါင်ကျေးရွာအုပ်စု ငှက်ကြီးဒေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ရှိသူများသည် ငှက်ကြီးဒေါင်ကျေးရွာရှိ မြစိမ်းရောင် အသင်းသူ၊ အသင်းသားများက စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစု ဝင်ငွေတိုး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငှက်ကြီးဒေါင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေကျပ်သိန်း ၃၀၀ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာများရှိ အသင်းသူ အသင်းသား ၁၅၈ ဦးကို ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အတွက် စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၅၇၀အား အတိုးနှုန်းသက်သာစွာဖြင့် ဒဿမ အကြိမ်မြောက် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

။။။

ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆည်ပေါက်ကျေးရွာအုပ်စု အင်ချောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ အင်ချောင်းကျေးရွာ၌ အရှည် ၅၄၅၅ပေ၊ အကျယ် ၁၂၀၊ ၃ ဒေသကိမရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အင်ချောင်းကျေးရွာရှိ အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၉၅



သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဧန်နဝါရီလ ပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

၂၀၂၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ တတိယဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော သဒ္ဓါမြို့ ရန်အောင်မြင်တိုက်လမ်းမတော်ကျောင်းမှ အရှင်ခေမာသိရီ (သာသနဓဇမဟာစရိယ) အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယနေ့မွန်းလွဲပိုင်းက လေးဆူဇာတ်စ် ရွှေစာရံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် အရှင်သူမြတ်အား ပူဇော်ပွဲကျင်းပရေးအဖွဲ့မှ ကြိုဆိုပင့်ဆောင်ကြပြီး သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဗဟုသုဿုတဝန်ဆောင် ဘဒ္ဒန္တ သုမနာဘိဝံသထံမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ဧည့်ပရိသတ်အပေါင်းတို့က သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်က ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး ကျင်းပရေးအဖွဲ့ဝင်တစ်ဦးက တတိယဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အရှင်ခေမာသိရီ (သာသနဓဇမဟာစရိယ) အရှင်သူမြတ်၏ ထေရုပ္ပတ္တိ (အကျဉ်း)အား ဖတ်ကြားကာ တာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ကသာမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား (၅)ရက်မြောက်နေ့ ထောက်ပံ့ငွေများပေးအပ်

ကသာ ဖေဖော်ဝါရီ ၂၃


စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ (၅) ရက်မြောက်နေ့ ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့နံနက် ၁၀နာရီက မြို့တော်ခန်းမ၌ ပြုလုပ်သည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လူဦးရေ၂၄၀အတွက် ထောက်ပံ့ငွေကျပ် ၄၈၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ကသာမြို့၌ ယာယီနေရပ်စွန့်ခွာ ပြည်သူစုစုပေါင်း ၃၁၀၀ ကျော်ရှိပြီး ယနေ့တွင် ၂၄၀ အတွက် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်သည်။ ကျန်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရဲလင်းထွန်း(ကသာ)

❖ ကျောပုံးမှ

မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာနိုင်သည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အထိ မိုးလေဝသ သန်ချပုံစံပြု မော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



ဩစတြေးလျနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွက် အမေရိကန် ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ ကူညီပံ့ပိုးမည်

ကန်ဘာရာ ဖေဖော်ဝါရီ ၂၃

ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘာနီးစ်သည် ဆရာဝန်များ ပိုမိုလည်ပတ်မှုအတွက် ကုန်ကျစရိတ်ကာမိစေရန် နိုင်ငံ၏ကျန်းမာရေး စောင့်ရှောက်မှုစနစ်အားလုံးမြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ ငွေကြေးကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

ဝန်ကြီးချုပ် အယ်ဘာနီးစ်နှင့် ကျန်းမာရေးဝန်ကြီး မှခ်ဘတ်တာတို့သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် သက်ကြီးရွယ်အိုများအတွက် ဆေးဝါးအကူအညီပေးမှု စီမံကိန်းအတွက် လေးနှစ်ကျော် နောက်ထပ် ရန်ပုံငွေ ဩစတြေးလျဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ) ကို ကတိပြုခဲ့ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေသည် ၁၉၈၄ ခုနှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုစနစ် စတင်တည်ထောင်ချိန်မှစကာ သက်ကြီးရွယ်အိုများအတွက် ဆေးဝါးအကူအညီပေးမှုစီမံကိန်းတွင် အကြီးဆုံးတစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း ဝန်ကြီးချုပ်အယ်ဘာနီးစ်က ပြောကြားသည်။

အဆိုပါ ငွေကြေးအကူအညီပေးမှုမှာ ၂၀၂၈ ခုနှစ်အထိ သူနာပြုပညာသင်ဆု ၄၀၀ ကျော်နှင့် တစ်နှစ်လျှင် အထွေထွေရောဂါကုဆရာဝန်သင်တန်းသား ၂၀၀၀ ကျော်ကိုလည်း ဖူလုံမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီးတို့က ပြောကြားသည်။ မေ ၁၇ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ အဆိုပါ ငွေကြေးပံ့ပိုးမည့် ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။



ဆင်ဟွာ

ပီရူးနိုင်ငံရှိ ဈေးဝယ်စင်တာ ခေါင်မိုးပြိုကျမှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး

လီမာ ဖေဖော်ဝါရီ ၂၃

ပီရူးနိုင်ငံအနောက်မြောက်ပိုင်း ထရူဂျီလိုပြည်နယ်ရှိ ဈေးဝယ်စင်တာကြီးတစ်ခုအတွင်း၌ အစားအသောက်တန်းဘက်ရှိ ခေါင်မိုးပြိုကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၇၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်တွင် အာဏာပိုင်များက ပြောသည်။

ရီရယ်ပလာဇာ ဈေးဝယ်စင်တာကြီးအတွင်း ယခုလိုအမိုးပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများအနက် ၃၀ ခန့်မှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ပြီး ၄၈ ဦးမှာ ဆေးရုံ၌ရှိနေဆဲပင်ဖြစ်ကြောင်း အနံဒီနာ သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

စိုးရိမ်ရသည့် အခြေအနေရှိ

ဒဏ်ရာရရှိသူများထဲမှသုံးဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိသည်။ အစားအသောက်တန်းရှိ ကလေးများအတွက်နေရာတွင် ခေါင်မိုးပြိုကျခဲ့ခြင်းဖြစ်ပြီး ယင်းနေရာရှိ အမိုးတွင် တပ်ဆင်ထားသည့် ပစ္စည်းများမှာ အပေါ့စားပစ္စည်းများမဟုတ်ဘဲ အကြီးစားပစ္စည်းများဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

ပြင်းထန်စွာအပြစ်ပေးသွားမည်

သွေးလိုအပ်ခြင်း မြင့်မားနေသည့်အတွက် ပြည်သူများ သွေးလှူကြရန် ပီရူးအစိုးရက တောင်းဆိုထားသည်။ အဆိုပါ မတော်တဆမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများကို ပြင်းထန်စွာအပြစ်ပေးသွားမည်ဖြစ်ကြောင်း ပီရူးသမ္မတ ဒီနာဘော်လူအာ့ထ်က ပြောသည်။

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိ

လူသားတို့၏အသက်ထက် စီးပွားရေးအကျိုးအမြတ်ကို ဦးစားပေးနိုင်ကြောင်း ၎င်းကဆက်ပြောသည်။ ထရူဂျီလိုပြည်နယ် အစိုးရ ရှေ့နေရုံးက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **ဆင်ဟွာ**



ရီရယ်ပလာဇာ ဈေးဝယ်စင်တာခေါင်မိုးပြိုကျနေမှုကို တွေ့ရစဉ်။

အစ္စရေးက ပါလက်စတိုင်းအကျဉ်းသား ၆၀၀ ကျော် လွှဲပြောင်းမည့်အစီအစဉ် ရွှေ့ဆိုင်း

ဂါဇာ ဖေဖော်ဝါရီ ၂၃

ဂါဇာကမ်းမြောင်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အရ ဟားမားစ်အဖွဲ့က ဖေဖော်ဝါရီ ၂၂ ရက်တွင် ဓားစာခံခြောက်ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

သို့သော်လည်း အစ္စရေးက ဖမ်းဆီးထိန်းသိမ်းထားသည့် ပါလက်စတိုင်း အကျဉ်းသား ၆၀၀ ကျော် လွှတ်ပေးမည့် အစီအစဉ်ကို ရွှေ့ဆိုင်းကြောင်း ပြောကြားသည်။



ထိုကဲ့သို့ ရွှေ့ဆိုင်းမှုကို ဖေဖော်ဝါရီ ၃၃ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု က ကြေညာခဲ့သည်။

ဟားမားစ်အဖွဲ့က အစ္စရေး၏ အဆိုပါကြေညာချက်ကို ပြင်းပြင်းထန်ထန် ဖြစ်တင်ရှုတ်ချကြောင်း၊ ယင်းဆုံးဖြတ်ချက်က သဘောတူညီချက်ကို ရှင်းလင်းစွာ ချိုးဖောက်ရာရောက်ကြောင်း ပြောသည်။

အစ္စရေးနှင့် ဟားမားစ်တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အရ ဟားမားစ်အဖွဲ့က လက်ရှိအချိန်အထိ သေဆုံးသူများ၏ ရုပ်အလောင်း အပါအဝင် ဓားစာခံ ၃၃ ဦးအနက် ၂၉ ဦး လွှဲပြောင်းပေးပြီးဖြစ်သည်။

အစ္စရေးဘက်ကလည်း လက်ရှိအချိန်အထိ ပါလက်စတိုင်း အကျဉ်းသား ၁၁၀၀ ကျော်ကို လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သိရသည်။

အင်နိအိတ်ချ်ကေ

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ဆောက်လုပ်ဆဲလိုဏ်ခေါင်းပြိုကျမှုဖြစ်ပွား ပိတ်မိနေသူရှစ်ဦးအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နယူးဒေလီ ဖေဖော်ဝါရီ ၂၃

ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ထပ်မံလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သောကြောင့် အိန္ဒိယနိုင်ငံတောင်ပိုင်း တယ်လန်ဂါနာပြည်နယ်ရှိ ဆောက်လုပ်ဆဲဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း ပိတ်မိနေသူ ရှစ်ဦး၏ ကံကြမ္မာမှာ ဖေဖော်ဝါရီ ၂၃ ရက်အထိ ရေရာသေချာမှုမရှိသေးကြောင်း ကယ်ဆယ်ရေးလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်နေသည့် အကြီးတန်း အရာရှိတစ်ဦးက ပြောသည်။



ကယ်ဆယ်ရေးလုပ်သားများက လိုဏ်ခေါင်းအတွင်း ပိတ်မိနေသူများအား ကယ်ထုတ်ရန်ကြိုးပမ်းစဉ်။

လိုဏ်ခေါင်းအတွင်း ပြိုကျသွားသောအပိုင်းကို သွားရောက်ရန်မဖြစ်နိုင်တော့ကြောင်း၊ ပိတ်မိနေသော လုပ်သားများထံ ဆက်သွယ်ရန်အတွက် အခြားနည်းလမ်းများကို ရှာဖွေရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းဖြစ်ရပ်မှာ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက တယ်လန်ဂါနာပြည်နယ် နဂါကာနူးလ် ခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားချိန်တွင် လိုဏ်ခေါင်းအတွင်း၌ ယိုစိမ့်မှုတစ်ခုကို ပြုပြင်ရန် အလုပ်သမား ၅၀ ခန့် ရှိပြီး အခြားလုပ်သားများ လွတ်မြောက်ခဲ့သော်လည်း လိုဏ်ခေါင်းအတွင်း ရှစ်ဦးပိတ်မိနေခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပိတ်မိသူများတွင် အင်ဂျင်နီယာနှစ်ဦး၊ နည်းပညာဝန်ထမ်းနှစ်ဦးနှင့် အလုပ်သမား လေးဦး ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

ဖီဂျီနိုင်ငံ၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ဖွယ်ရှိ

ဆုဗား ဖေဖော်ဝါရီ ၂၃

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၂၃ ရက် ညပိုင်းတွင် ဖီဂျီရေပြင်သို့ ဝင်ရောက်ဖွယ်ရှိကြောင်း သိရသည်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ပိုင်းနယ်နိမိတ်လိုမိုင်ဗီတီနှင့် လာအူဂရု၊ ပင်မကျွန်း၏ လေညာဘက်အပါအဝင် နိုင်ငံ၏ အရှေ့ပိုင်းသို့ ဦးတည်နေကြောင်း ဖီဂျီမိုးလေဝသဌာနက ပြောကြားသည်။

ပိုမိုအားကောင်းလာဖွယ်ရှိ

ဆိုင်ကလုန်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၂၃ ရက် ညနောင်းပိုင်းတွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားပြီး လာမည့်နာရီအနည်းငယ်အတွင်း ပိုမိုအားကောင်းလာဖွယ်ရှိကြောင်း ဖီဂျီမိုးလေဝသဌာနက ပြောကြားသည်။ ထို့ပြင် မြေနိမ့်ပိုင်းဒေသများနှင့် မြစ်ကြီးများတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

ကျောင်းများအားလုံး ပိတ်ထားမည်

ဖေဖော်ဝါရီ ၂၄ ရက်တွင် လာအူဂရု၊ လိုမိုင်ဗီတီနှင့် ဗာနျူအာလေဝူတို့ရှိ ကျောင်းများအားလုံး ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၂၄ ရက် နောင်းပိုင်းတွင် ဖီဂျီနိုင်ငံမှ ထွက်ခွာမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ **ဆင်ဟွာ**



MNL ပြိုင်ပွဲ ရန်ကုန်ယူနိုက်တက် ဂိုးပြတ်နိုင်ပြီး ဒုတိယရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) စတုတ္ထနေ့ကို သုဝဏ္ဏကွင်း၌ ယနေ့ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိပြီး ဒုတိယနေရာ ရရန် သေချာခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အဆင့် ၄ နေရာမှ ဒဂုံစတားယူနိုက်တက်ကို ဂိုးပြတ်အနိုင်ယူပြီး နောက်ဆုံးပွဲမတိုင်မီ ဒုတိယဆုရရှိခဲ့သည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲလိုသေးသော်လည်း ချန်ပီယံဆုကို ရှမ်းယူနိုက်တက်၊ ဒုတိယဆုကို ရန်ကုန်ယူနိုက်တက်၊ တတိယဆုကို ဟံသာဝတီယူနိုက်တက်၊ စတုတ္ထနေရာကို ဒဂုံစတားယူနိုက်တက်အသင်း ရယူနိုင်ရန် သေချာခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့သည်။ ၂၆ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး အသင်း ခေါင်းဆောင် ဒေးဗစ်ထန်ကပယ်နယ်တီဧရိယာအတွင်းမှ အပြင်းကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဒဂုံစတားယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ဂိုးမသွင်းယူနိုင်ခဲ့ပေ။ ပွဲပြီးခါနီးတွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ဂိုးများ ဆက်တိုက်ရရှိခဲ့ပြီး ၈၆ မိနစ်တွင် ရန်ကျော်ထွေးနှင့် ၉၀+၃ မိနစ်တွင် ဇော်ဝင်းသိန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းကရရှိသည်။

ပွဲစဉ် (၂၁) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဧရာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

နိုပေါလေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာနှင့် နိုပေါ သရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နိုပေါလေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ဆက်လက် ကျင်းပရာ မြန်မာအသင်းနှင့် နိုပေါအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းနှင့် အိမ်ရှင် နိုပေါအသင်းသည် ယခုပွဲမတိုင်မီ ကတည်းက ဗိုလ်လုပွဲတက်ရောက် ထားပြီဖြစ်သောကြောင့် ယခုပွဲ ရလဒ်မှာ အရေးမပါသော်လည်း အနိုင်ရရှိရေးအတွက် အားကုန် ထုတ်ကစားခဲ့သည်။ မြန်မာ အမျိုးသမီးအသင်း နည်းပြချုပ် ယုကီတက်ဆုရှိသည် အုပ်စုသုံးပွဲ စလုံးကို မတူညီသည့် ပွဲထွက် လူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ကစားသမားများ အတွေ့အကြုံရရန် ဦးစားပေးခဲ့သည်။

မြန်မာအသင်းသည် မျိုးမြမြ ငြိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ ယုယုနိုင်၊ နော်ထက်ထက်ဝေ၊ ရူပါခိုင်၊ လင်းမြင့်မိုရ်၊ ယဉ်လွန်းအိမ်၊ သန်းသန်းနွယ်၊ မေထက်လူ၊ မြတ်နိုးခင်၊ ရွှေရည်ထွန်းတို့ကို အသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး ၆ မိနစ်တွင် မြတ်နိုးခင်၊ ၁၆ မိနစ်တွင် မေထက်လူတို့က မြန်မာအသင်း အတွက် ဦးဆောင်ဂိုးများ သွင်းယူ သော်လည်း ၁၁ မိနစ်တွင် ရာနာမာဂါနှင့် ၄၁ မိနစ်တွင် ဘီဟန်ဒါရီတို့က နိုပေါအသင်း အတွက် ချေပဂိုးများပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်း စလုံး ဂိုးထပ် မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။



မြန်မာအသင်းနှင့် နိုပေါအသင်း ယှဉ်ပြိုင်စဉ်။

အုပ်စုနောက်ဆုံးနေ့ အခြားပွဲတွင် လက်ဘန်နွန်အသင်းက ကာဂျွတန်အသင်းကို နှစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာအသင်းနှင့် နိုပေါအသင်း ခုနစ်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် မြန်မာအသင်းက အုပ်စုပထမ၊ နိုပေါအသင်းက အုပ်စုဒုတိယ ရရှိပြီး လက်ဘန်နွန်အသင်းက သုံးမှတ်၊ ကာဂျွတန်အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် နိုပေါအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

အက်စ်တွန်ဗီလာက အကြိတ်အနယ်ကစားပြီး ချယ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရ

ပရီမီယာလိဂ်ပွဲစဉ် (၂၆) မှ ဖေဖော်ဝါရီ ၂၃ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အက်စ်တွန်ဗီလာနှင့် ချယ်ဆီး အသင်းပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက အကြိတ်အနယ် ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲ ရရှိခဲ့သည်။

ချယ်ဆီးအသင်းသည် ပွဲကစား ချိန် ကိုးမိနစ်တွင် ရရှိခဲ့သော ဖာနန်ဒက်စ်၏ သွင်းဂိုးဖြင့် အက်စ်တွန်ဗီလာ အသင်းကို မိနစ် ၅၀ ကျော်အထိ ဦးဆောင်ကစား နိုင်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် အက်စ်တွန်ဗီလာအသင်း၏ တရစပ်ထိုးဖောက် တိုက်စစ်ဆင်ကစားမှုကို အသင်း ခံစစ်က ခုခံဟန့်တားနိုင်စွမ်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ ရသည်။

ပွဲကစားချိန် ၄၆ မိနစ်တွင် လူစားဝင်လာသော တိုက်စစ် ကစားသမား မားကပ်ရက်ဖို့ဒ် ခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။ နှစ် သင်းကြားခြေစွမ်း သိသိသာသာ ကွာဟမှု မရှိဘဲ အပြန်အလှန် ထိုးဖောက် တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ် အနယ်ရှိခဲ့သည်။ အက်စ်တွန်ဗီလာ အသင်းအတွက် သွင်းဂိုးများကို မာကို အေဆန်စီယိုက သွင်းယူပေး ခဲ့သည်။ ချယ်ဆီး အသင်းအတွက် သွင်းဂိုးကို ဖာနန်ဒက်စ်က သွင်း ယူပေးခဲ့သည်။ အက်စ်တွန်ဗီလာ အသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ်တွင် ၂၆ ပွဲကစားပြီး နိုင်ပွဲ ၁၁ ပွဲရှိလာပြီ ဖြစ်သည်။ ချယ်ဆီးအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာ လိဂ်တွင် ရှုံးပွဲ ခုနစ်ပွဲရှိလာပြီ ဖြစ် သည်။

အခြားပွဲစဉ် ရလဒ်များတွင် ဝုဖ်ဖ ဘုန်းမောက်ကို တစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းက အာဆင်နယ် ကို တစ်ဂိုး - ဂိုးမရှိ၊ ခရစ္စတယ် ပဲလေ့စ်က ဖူလ်ဟမ်ကို နှစ်ဂိုး-ဂိုးမရှိ၊ စပါးက အစ်ဆွစ်ကို လေးဂိုး-တစ်ဂိုး၊ ဘရိုက်တန်က ဆောက်သမ်တန်ကို လေးဂိုး-ဂိုးမ ရှိဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့ပြီး အဲဗာတန်နှင့် မန်ယူအသင်းပွဲစဉ် တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျ ခဲ့သည်။

အောင်ဇော်



ချယ်ဆီးကစားသမား ဖာနန်ဒက်စ်၊ အက်စ်တွန်ဗီလာအသင်း ဘက် ဦးဆောင်ဂိုး သွင်းယူစဉ်။





◆*ကျောဖုံးမှ*

ထမံသီတောရိုင်း တိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး သည် ဘေးမဲ့တောအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ဒုတိယအပတ်က ကင်မရာထောင်ချောက်များ တပ်ဆင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ကင်မရာများ ဖြုတ်သိမ်းခဲ့ကာ တောရိုင်းတိရစ္ဆာန်ကောင်ရေနှင့် အမျိုးအစားအလိုက် ရှင်သန် ကျက်စားမှုကို ဆက်လက်စစ်ဆေး မှတ်တမ်းတင်ခဲ့ကြောင်း သိရ သည်။

"ဒီနှစ်မှာလည်း နန်ရန်းရင် တစ်ဝိုက်မှာ တစ်ပွဲငှဲ့ကို နှစ်လုံး၊ တစ်ယူနစ်ကို ကင်မရာ ၁၂ လုံးနဲ့ ကင်မရာထောင်ချောက် ၂၄ လုံး တပ်ဆင်ခဲ့ပါတယ်။ ရရှိထားတဲ့ပုံတွေကို ပြန်စစ်တဲ့အခါမှာ အရင် နှစ်ကလို ကျားနဲ့ဂက်ဝံတွေ ရှင်သန်ကျက်စားမှုကို တွေ့ခဲ့ရပါတယ်။ ကင်မရာ တစ်လုံးကို ပုံထောင်ကျော် ရရှိတဲ့အတွက် စစ်ဆေးမှုအားလုံးတော့ မပြီးသေးပါဘူး။ ထမံသီဘေးမဲ့တောကြီး ရေရှည်တည်တံ့ဖို့အတွက် ဒေသခံတွေအပါအဝင် အားလုံးဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်မှသာ အောင်မြင်မှုရရှိမှာပါ"ဟု ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

စစ်ကိုင်းတိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင် ခန္ဓီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်း တည်ရှိ သည့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၁၉၇၄ ခုနှစ် မေလတွင် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁ရက်တွင် ဟုမ္မလင်း မြို့၌ အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်၍ ဘေးမဲ့တောထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက် လျက်ရှိကာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အာဆီယံအမွေအနှစ် ဥယျာဉ် အဖြစ် အတည်ပြုသတ်မှတ်ခြင်း ခံခဲ့ရသည်။

အမြဲစိမ်းတောနှင့် အထက် ရွက်ပြတ်ရောနောတောစိုအဖြစ် တည်ရှိသည့် ထမံသီတောရိုင်း တိရစ္ဆာန် ဘေးမဲ့တောအတွင်း ရှားပါးတောရိုင်း တိရစ္ဆာန်များ၊ ငှက်မျိုးစိတ်များ၊ အပင်မျိုးစိတ် များစွာ တည်ရှိနေပြီး မြန်မာနိုင်ငံ တွင်သာ တွေ့ရှိရသော မြန်မာ့ တိုက်လိပ် အပါအဝင် နို့တိုက် သတ္တဝါ ၅၇ မျိုး၊ ငှက်မျိုးစိတ် ၃၃၂ မျိုး၊ ငါးမျိုးစိတ် ၆၇ မျိုး၊ ကုန်းနေ ရေနေနှင့် တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုးစိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ် ၈ မျိုး၊ ရေနေပင် ၂၃ မျိုး၊ မြက် ၁၈ မျိုးနှင့် သစ်ခွ ၁၆ မျိုးတို့ ရှင်သန်လျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)

ဓာတ်ပုံ-ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော

❍*ကျောဖုံးမှ*

အသင်းမှာမူ နိုင်ပွဲရယူပြီး တန်းဆင်းဇုန်မှ လွတ်မြောက်ရန် မျှော်လင့်ချက်ရှိလာသည်။

ပွဲစဉ် (၁၂) အပြီးတွင် MIU အသင်းက ၃၄မှတ်ဖြင့် ဆက်လက် ဦးဆောင်ပြီး MH Dream Team အသင်းက ၂၆ မှတ်၊ YRG အသင်း က ၂၄ မှတ်၊ M2K အသင်းက ၁၉ မှတ်၊ VUC အသင်းနှင့် Generations အသင်းတို့က ၁၅ မှတ်စီ၊ ဖူဆယ် ချစ်သူအသင်းက ၁၁ မှတ်၊ Winner Soccer အသင်းက ကိုးမှတ်၊ YCDC Marga အသင်းက ရှစ်မှတ်၊ SGF အသင်းက ခုနစ်မှတ် ရရှိထား သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မှုးယစ်ဆေး

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာလွင်မာဦး ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၅ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန်ဖြစ်ပါသည်။ ယခုသင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့် ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု

ဒွါဒသမတန်း(တက္ကသိုလ်ဝင်တန်း) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃)ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ် သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး (၇) ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်းမေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများ ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည်ကြီး (၁)ပုဒ်၊ စကားပြေ မေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ စုစုပေါင်း (၇)ပုဒ်ဖြစ်ပါသည်။ တချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်

<u>မေးခွန်းနံပါတ်(၁)</u>

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ် (၁)သည် ဓမ္မဓိဋ္ဌာန်းမေးခွန်းဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊ မရှိတို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင်ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်းမေးခွန်းတွင် ပုဒ်ခွဲ(၈)၊ ပုဒ်ခွဲ(၁)နှင့် ပုဒ်ခွဲ(၇)ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန် မေးခွန်းများပါဝင်ပါသည်။

မေးခွန်း ၁(က) တွင် မှားမှန်ရောထွေး အမှန်ရွေးသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ(၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။ (၁၀ မှတ်)

(၁) အသံအနိမ့်အမြင့်နှင့် ဝါကျနိမ့်မြင့်သံများသည် ထိထိရောက်ရောက် စကားပြောဆိုရာတွင် အရေးပါလှသည့် သဘောတရားများအနက်မှ ၂ ခု ဖြစ်သည်။

မေးခွန်း ၁(ခ)တွင် ကွက်လပ်ဖြည့်သည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။ (၁၀ မှတ်)

(၁) ခေတ်စကားပြေကို ———— ခေတ်တွင် ရေးခဲ့သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။ (၁၀ မှတ်)

(၁) ရေးဟန်၏ သွင်ပြင် ———— ရှိသည်။

(က) သုံးရပ် (ခ) ငါးရပ် (ဂ) ခြောက်ရပ်

ကျောင်းသား ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာ သင်ခန်းစာနှင့် ပတ်သက်၍ စေ့စေ့စပ်စပ်သေသေချာချာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်သည်။

မေးခွန်းနံပါတ်(၂)

မေးခွန်းနံပါတ် (၂) တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က) သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို့ ဟူ၍ အပိုင်းလေးပိုင်း ပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြော၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်းဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ(၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၂။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၀ မှတ်)

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

စွန့်ကြဲ၊ အဆောတလျင်၊ စေ့စုံ၊ ကျိ၊ ကြိမ်၊ ရဂေါ၊ ဘုန်းဟော့။

မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ် အမျိုးမျိုး ကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့် အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့ပြင် ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ် ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန် လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရုံးပြချက်သည် နာမ်ဖြစ်ရပါမည်။ (သာဓက – ကျိ = စပါး၊ ပဲ စသည် သိုလှောင်ရာအဆောက်အအုံ။) ပေးထားသောဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆိုရုံးပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက– စွန့်ကြဲ = လျှံသည်။ ပေးကမ်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက– ဘုန်းဟော့ = ဘုန်းရှိသော။) ထို့ပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ်ခဲထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက် ဖော်ပြရန်လိုအပ်ပါသည်။ (သာဓက – စေ့စုံ = ပြည့်ပြည့်စုံစုံ၊ တိတိကျကျ၊ အကြောင်းစုံ။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကို ဖော်ပြလျှင် အများအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ) သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်း ဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ် နားလည်ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင် အကဲဖြတ် အမှတ်ပေးမည်ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည် ဖြစ်ပါသည်။ ပေးထားမည့် အလင်္ကာအရေအတွက်မှာ (၇) ခု ဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

နမူနာ

၂။ (ခ) အောက်ပါတို့အနက် ငါးခုကို ရွေးချယ်ပြီး မည်သည့်အလင်္ကာ မြောက်ကြောင်း ရှင်းပြပါ။

စိန့်ပွင့်အုံး၊ ကိစ္စတုံး၊ မာန်စွယ်၊ ဖြူတ်မျက်လုံးလောက်၊ တကြုတ် ကြုတ်၊ ကျတ်တွင်းရေသို့ ကြာညွတ်ဖယောင်းနေရှိန်ပျောင်းသို့။

အဖြေ– စိန့်ပွင့်အုံး = စိန့်ပွင့်စိန်ပန်းစီခြယ်ထားသည့် ခေါင်းအုံး (ဒို့အုံး)ဟု တိုက်ရိုက်မရေးဘဲ စိန့်ပွင့်အုံး ဟု သွယ်ဝိုက် ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ် ၂(ဂ) သည် ရေသည်ပြဇာတ် စကားစပ်မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ)အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသားပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅)မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန် ပြုသင့်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၂။ (ဂ) တရားမထောက်၊ ပျက်ချော်ယွင်းပါး၊ စင်းလုံးချွတ်ကြဲမိငြားလျှင်၊ မှားလို့သာ မှောက်ကရော့မယ်။ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊ တိုင်းထွာဦးမှ ကောင်းမလေ။

မေးခွန်းနံပါတ် ၂။ (ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတိုဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်းသုံးခန်းထဲမှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များထဲမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်း ရှင်းပြပါ။

မေးခွန်းနံပါတ် (၃)

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ(၈)ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ ကိုယ်ပိုင်အရေးအသား တင်ပြမှုစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြော ဖြေဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက် အားလုံးပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာ ရမည်ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်နှင့်အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသား အတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

နမူနာ

၃။ သြဝါဒထူးမျိုးကဗျာမှ အရေးအဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

မေးခွန်းနံပါတ်(၄)

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ (၈)ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြ ဖွဲ့စီးရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည် ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်ကို သတိမထားဘဲ မိမိအတွက် ကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်းရေးသားပါက ပေးမှတ်တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

နမူနာ

၄။ စာဘူးတောင်းဆောင်းပါးစကားပြေမှ ဗဟုသုတများကို ဝေဖန်ဆန်းစစ်ပါ။ (၁၀ မှတ်)

မေးခွန်းနံပါတ်(၅)

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ် သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှအကြောင်းအရာ သို့မဟုတ် အရေးအသားကို မေးမြန်းသော ပြဇာတ်မေးခွန်းရှည် ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာ မေးသည့်အကြောင်းအရာပိုင်းလည်းဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကို လေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရုပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏ အရာသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန် လိုအပ်လှပါသည်။ ပြဇာတ်၏ သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည်လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ်ဖြစ်ပါသည်။

နမူနာ

၅။ ရေသည်ပြဇာတ်တွင် တွေ့ရှိရသော ရသမြောက်အဖွဲ့များကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

မေးခွန်းနံပါတ် (၆)

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် နှစ်ပုဒ်မေးကာ တစ်ပုဒ်ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေအရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်းဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် ငါးချက် ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ(၁၀)မှတ်ဖြစ်ပါသည်။

နမူနာ

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။ (၁၀ မှတ်)

(၁) **သာယာသောနံနက်ခင်း**

- နေ့တစ်နေ့၏ အချိန်များအနက် သာယာသော အချိန်တစ်ချိန်ဖြစ်ပုံ
- နံနက်ဆည်းဆာ ရောင်နီထွက်ပေါ်လာပုံ
- ပတ်ဝန်းကျင်၏ သာယာလှပပုံ
- လူတို့၏ နှီးထလှုပ်ရှားကြပုံ
- နေ့တစ်နေ့ကို အင်အားသစ်ဖြင့် အစပြုပုံ

(၂) **သတိတရား**

- သတိတရား၏ အရေးကြီးပုံ
- သတိကင်းလွတ်ခြင်း၏ အပြစ်
- သတိပျက်ယွင်းစေသော အကြောင်းများ
- သတိရှိခြင်း၏ အကျိုး
- သတိတရားကို လက်ကိုင်ထားသင့်ပုံ

မေးခွန်းနံပါတ်(၇)

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုးဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ် ပင်ကိုအရည်အသွေးကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင် ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆို ဆွေးနွေးအရေးအသားသည် အလေ့အကျင့်များပြုလုပ်ထားရန် လိုအပ်သည့်မေးခွန်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာ ရေးတတ်ရန်လိုအပ်ပါသည်။ အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

နမူနာ

၇။ အောက်ပါအဆိုများအနက် တစ်ခုကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀ မှတ်)

(၁) ရသစာပေဖတ်ရခြင်းသည် သုတစာပေဖတ်ရခြင်းထက် ပို၍ကောင်းသည်။

(၂) ရုပ်မြင်သံကြားကြည့်ခြင်းသည် စာဖတ်ခြင်းထက် ပို၍ အကျိုးရှိသည်။

ဤမေးခွန်းကို ဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊ ၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ် လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် ငါးမိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့် ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆို ဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို (၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာ အရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်းများကို ဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည် ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်၊ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကို ဖြေဆိုရာတွင် မိမိ၏ စိတ်ကူးစိတ်သန်း အတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက်မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည်သဘောပေါက်အောင် ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်၊ ကိုယ်ပိုင်အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး မြန်မာစာပေနှင့် မြန်မာစာဘာသာစကားကို မြတ်နိုးတန်ဖိုးထားကာ စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

မော်လမြိုင်မြို့နယ်၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်လှစ်

မော်လမြိုင် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဒစ်ဂျစ်တယ် အသိပညာ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အိကလျာနိုင်က MSMEsလုပ်ငန်းများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဈေးကွက်ပိုမိုအောင်မြင်မှု ရရှိစေရန် ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် လုပ်ငန်းမှတ်ပုံတင်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် e-Commerce Website ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ Online Registration အသုံးပြုနိုင်မည်ဆိုပါက ပိုမိုလွယ်ကူ အဆင်ပြေမည်ဖြစ်ကြောင်းနှင့် ကုန်ပစ္စည်းများ ထုတ်လုပ် ရောင်းချသူများအနေဖြင့်အွန်လိုင်းစနစ်ဖြင့် ရောင်းချရာတွင် မှတ်ပုံတင်နိုင်ရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနနှင့် ရှင်းလင်းဆွေးနွေး တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

သင်ကြားပေးသွားမည်

အဆိုပါသင်တန်းသို့ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၂၀ တက် ရောက်ပြီး သင်တန်း၌ အွန်လိုင်းစနစ်ဖြင့် ကုန်ပစ္စည်းများ ရောင်းချရာတွင် ဆောင်ရန် ရှောင်ရန် နည်းလမ်းများ၊ Online Sales မှတ်ပုံတင်လက်မှတ် လျှောက်ထား၊ ထုတ်ယူပုံနှင့် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ Digital Literacy and Digital Transformation in MSMEs နှင့် SSID မှ ရေးဆွဲထားသည့် e-Commerce Website ဝင်ရောက်ပုံနှင့် အသုံးပြုပုံ ဘာသာရပ်တို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ခင်စန်းမြင့်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်အဖွဲ့သည် ယမန်နေ့က ရန်ကုန်တိုင်းအတွင်းရှိ ဓာတ်အားခွဲရုံများ၏ ဓာတ်အားဖြန့်ဖြူးနေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ထောက်ကြန့်မြို့လျှပ်စစ်မန်နေဂျာရုံး (၃၃ /၆ ဒသမ ၆)ကေဗွီ မြို့ရုံးဓာတ်အားခွဲရုံမှ အုပ်စုအလှည့်ကျ ဓာတ်အားပေးနေမှု၊ ဖီဒါအလိုက် မီတာယူနစ်ဖတ်ချက်များ မှတ်တမ်းရေးသွင်းထားမှု၊ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများနှင့် ဓာတ်အားခကြွေးကျန် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ၂၃၀ ကေဗွီ လှော်ကားပင်မ ဓာတ်အားခွဲရုံဝင်းအတွင်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်းမန်နေဂျာ(၁)ရုံးမှ ဆောင်ရွက်နေသော ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ Bus Extension ပြုလုပ်မည့် နေရာနှင့် မလွတ်ကင်းသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းကြိုးများ ရွှေ့ပြောင်းရေးလုပ်ငန်းခွင်နှင့် ထောက်ကြန့်မြို့ (၃၃ /၆ ဒသမ ၆) ကေဗွီ ပုလဲဓာတ်အားခွဲရုံ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် လျှပ်စစ်မန်နေဂျာရုံးရှိ ၃၃ ကေဗွီ ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဖီဒါများအလိုက် ဓာတ်အားသုံးစွဲမှု၊ မီတာဖတ်ချက်ရေးသွင်းထားမှုနှင့် ခွဲရုံဝင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှု၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ချစ်ဆောင်(YESC)



ညောင်တုန်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်



ညောင်တုန်း ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အမှတ်(၃)ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်တွင်း ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ပေးအပ်ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးလျှင် ငွေကျပ် ခုစ်သောင်းနှုန်းဖြင့် စုစုပေါင်း ၄၀၁ ဦးအတွက် ငွေကျပ် ၈၀၂၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

အစေ့ထုတ်ပြောင်း စိုက်ပျိုးနည်းဆိုင်ရာ အလေ့အကျင့်ကောင်းများ

အိအိဖြိုး

မြန်မာအမည် - အစေ့ထုတ်ပြောင်း
အင်္ဂလိပ်အမည် - Corn/ Maize
သိပ္ပံအမည် - Zea maize
မူရင်း - Graminae

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို ရှမ်းပြည်နယ်၌ အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်း၊ ကချင်၊ ဧရာဝတီ၊ ကရင် စသည့် တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ စုစုပေါင်း စိုက်ဧရိယာ ဧက ၁ ဒသမ ၃၈ သန်းမှ အထွက်တင်းပေါင်း ၈၄ သန်းကျော် (တန်ချိန် ၂ ဒသမ ၀၆ သန်းခန့်) ထွက်ရှိသည်။ ရာသီအလိုက် စိုက်ပျိုးမှုမှာ မိုးစိုက် ဧက ၈၇ ရာခိုင်နှုန်းနှင့် ဆောင်းစိုက်ဧက ၁၃ ရာခိုင်နှုန်းရှိသည်။

မြန်မာ့အစေ့ထုတ်ပြောင်း ပြည်ပတင်ပို့မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၆၁ သန်းအထိ တင်ပို့နိုင်ခဲ့သည်။ ပြည်ပတင်ပို့မှုများအနက် ယခင်က တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သော်လည်း နောက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ တင်ပို့မှုမှာ အများဆုံးဖြစ်လာသည်။ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။ အစေ့ထုတ်ပြောင်းကို ပြည်တွင်းမွေးမြူရေးအစာအဖြစ် အသုံးပြုခြင်းအပြင် အစေ့ထုတ်ပြောင်းအစေ့သာမက ပြောင်းမှုန့်၊ ပြောင်းချဉ်ဖတ်စသည်တို့ကိုလည်း နိုင်ငံခြားသို့ ထုတ်လုပ်တင်ပို့လျက်ရှိသည်။

အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရာတွင် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီပြီး ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ အသုံးပြုရန် လိုအပ်ပါသည်။ စိုက်ပျိုးမည့် သီးနှံမျိုးနှင့် စိုက်ပျိုးနည်းစနစ်များသည် ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ အသုံးပြုမှု တတ်နိုင်သမျှ အနည်းဆုံးဖြစ်သင့်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေနိုင်မည့် နည်းစနစ်များနှင့် တွဲဖက်အသုံးပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

မျိုးရွေးချယ်ခြင်း

စိုက်ပျိုးရန်သင့်သောမျိုးများမှာ တောင်ပေါ်ဒေသများတွင် ဆင်းရွှေလီစပ်မျိုး၊ ဧကရီ၊ ရေဆင်းစပ်မျိုး (၃)၊ ရေဆင်းစပ်မျိုး (၅)၊ ၈၈၈ မျိုး၊ ၉၉၉ မျိုး တို့ဖြစ်ပြီး မြေပြန့်ဒေသများတွင် ရွှေဝါ (၁)၊ စူပဓ (၃)၊ ရေဆင်းစပ်မျိုး (၂)၊ ရေဆင်းစပ်မျိုး (၄) တို့ဖြစ်သည်။

ရေမြေရာသီဥတု

အစေ့ထုတ်ပြောင်းသည် မြေတွင်းရှိအာဟာရဓာတ် စုပ်ယူစားသုံးမှုများသော သီးနှံဖြစ်သည့်အတွက် မြေဩဇာထက်သန်သော နန်းမြေ၊ နန်းမြေစေး၊ သဲနန်းမြေတို့တွင် စိုက်ပျိုးသင့်ပါသည်။ ရှမ်းပြည်နယ်တွင် မြေနီသဲဝန်း၊ သဲနုနုမြေများ၊ အစိုဓာတ် ထိန်းသိမ်းနိုင်ပြီး ရေမဝပ်သော ရေစီးရေလာကောင်းသော မြေများတွင် ဖြစ်ထွန်းမှုရှိသည်။ မြေချဉ်ငန်ဓာတ် (၅ ဒသမ ၅ - ၇ ဒသမ ၅) အတွင်းကြိုက်နှစ်သက်သည်။ မိုးရေချိန် လက်မ (၃၅ - ၄၅) ရှိပြီး ညညွတ်မျှတစွာ ရွာသွန်းမှုရှိပါက ပိုကောင်းသည်။ သို့ရာတွင် ပြောင်းပင် တစ်လသားအရွယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မမိစေရန် ဂရုစိုက်ရမည်။ ရေဝပ်မှုမရှိစေရန်လည်း ကြိုတင်ဆောင်ရွက်ထားရမည်။

စိုက်ပျိုးချိန်

ပြောင်းစိုက်ပျိုးချိန်သည် အရေးကြီးသည်။ မိုးများတတ်သည့်လများဖြစ်သော ဇွန်၊ ဇူလိုင်၊ သြဂုတ်လများတွင် အပင်သက်တမ်းရနေမှသာ မိုးဒဏ်ခံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိုးရာသီတွင် စိုက်ပျိုးမည်ဆိုပါက ဧပြီလလယ်မှ မေလကုန် အတွင်း အပြီးစိုက်သင့်ပြီး ဆောင်းရာသီစိုက်ပျိုးမည်ဆိုပါက အောက်တိုဘာလမှ နိုဝင်ဘာလကုန်အပြီး စိုက်ပျိုးသင့်သည်။

မြေပြုပြင်ခြင်း

မြေပြုပြင်ရာတွင် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်ထွန်ရန် အရေးကြီးသည်။ မိုးတွင်းပြောင်းစိုက်မည်ဆိုပါက မိုးကြိုထယ်ရေးဝင်ပေးနိုင်လျှင် ပိုကောင်းသည်။ မြေမပြုပြင်မီ နွားချေး၊ မြေဆွေး (၁၀ - ၁၅) စီးအထိ ချပေးရမည်။ တောင်စောင်း၊ တောင်ကုန်းများတွင် မြေပြုပြင်ချိန် ပေါက်ပြားများဖြင့် ၂ ဒသမ ၅ ပေအကွာ မြောင်းများပြုလုပ်၍ မြောင်းများတွင် သဘာဝနွားချေးမြေဩဇာများ လိုက်၍ချပေးရမည်။ တစ်ဧကအတွက် ယူရီးယား နှစ်အိတ်၊ တီစူပါ နှစ်အိတ်၊ ပိုတက်ရှ်အိတ်တစ်ဝက် အသုံးပြုရန်လိုအပ်သည်။ တီစူပါနှင့် ပိုတက်ရှ် မြေဩဇာကို မြေပြုပြင်ချိန်တွင် မြေခံအဖြစ် တစ်ကြိမ်တည်းထည့်သွင်းပေးရမည်။ ယူရီးယား မြေဩဇာကို မြေပြုပြင်ချိန်တွင် မြေခံအဖြစ် တစ်ကြိမ်၊ အပင်ကြီးထွားချိန် တစ်လသားတွင် တစ်ကြိမ်၊ ပန်းမပွင့်မီ တစ်ကြိမ်၊ ပြောင်းဖူးစေ့အစာဖြည့်သွင်းချိန်တွင် တစ်ကြိမ်ထည့်ပေးရမည်။

စိုက်ပျိုးခြင်း

နွေထွန်ရေးခံထားသော စိုက်ကွင်းများ၌ မိုးရာသီမြေပြုပြင်ချိန်တွင် မိုးရာသီအစေ့ထုတ်ပြောင်းစိုက်ရန် အကောင်းဆုံးဖြစ်သည်။ နွေထွန်ရေးမခံနိုင်ပါက မိုးကြိုထွန်ရေးခံခြင်းဖြင့် ထွန်ရေးကောင်းပြီး အစိုဓာတ်ပိုရရှိသဖြင့် အထွက်နှုန်းကောင်းစေသည်။ တောင်ကုန်းတောင်စောင်းများတွင် မထွန်ယက်နိုင်ပါက ပေါက်ပြားဖြင့် ကောင်းစွာ မြေပြုပြင်ပြီး တစ်တန်းနှင့်တစ်တန်း နှစ်ပေခွဲ၊ တစ်ပင်နှင့်တစ်ပင် ကိုးလက်မခြား၍ မျိုးစေ့ချပေးရမည်။ တစ်ကျင်းလျှင် တစ်စေ့နှုန်းသာ ချပေးရမည်။ မေလ၊ ဇွန်လများတွင် ရွာသွန်းသော မိုးရေတွင် စိုက်ပျိုးထားသော အပင်များကို ၁၄ ရက်အတွင်း အချိန်မီ သားခွဲပေးရမည်။ ပင်ခြေမြေဆွေးရန် အထူးလိုအပ်ပြီး အချိန်မီသားမခွဲဘဲ နောက်ကျမှ အပင်သားခွဲပါက အထွက်နှုန်း ကျဆင်းသွားတတ်သည်။

အပင်ပြုစုခြင်း

တစ်ပင်လျှင် စံနှုန်းပြည့် တစ်ဖူးနှုန်းရရှိစေရန် အပင်သက်တမ်း (၃၅ - ၄၀) ရက်သားအတွင်း ပေါင်တင်မြေတောင်မွှေက်မိ ယူရီးယား ၂၈ ပေါင်ကို နွားချေးဆွေးနှင့်ရောချ၍ စိုက်တန်းများကြားတွင်ချပြီး မြေတောင်မွှေက် ပေါင်တင်ပေးရမည်။ ထိုသက်တမ်းအရွယ်မှာပင် အဖိုနှံသည် လျင်မြန်စွာ ကြီးထွားလာပြီး ပင်စည်ခြောက်ဆစ်မှစ၍ ပြောင်းဖူးအစို့သားလောင်းများ ထွက်လာသည်။ ၎င်းကြီးထွားရန်အတွက် အစိုဓာတ်နှင့် နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်စီယမ်ဓာတ်များ လိုအပ်သည်။

အပင်သက် ရှစ်ပတ်သားအရွယ်တွင် အဖိုနှံများ စတင်ထွက်လာပြီး (၆၀ - ၆၆) ရက်သားတွင် အဖိုနှံမှ အဖိုဝတ်မှုန်များ စတင်ကွဲထွက်လာသည်။ ထိုအချိန်တွင် အမြိတ်ဆာများလည်း ပြောင်းဖူးအပြင်သို့ ထွက်လာသည်။ ထိုအမြိတ်များပေါ်သို့ အဖိုဝတ်မှုန်များကျရောက်ပြီး မျိုးအောင်သည်။ ထိုအချိန်တွင် ပင်ပိုင်းကြီးထွားမှုမှာလည်း ရပ်တန့်သွားသည်။ မျိုးအောင်ပြီး ၁၂ ရက်မှ စတင်၍ ပြောင်းစေ့သားလောင်း စတင်ကြီးထွားပြီး အစေ့အတွင်း ကစိဓာတ်ဖြည့်တင်းသည်။

အမြိတ်ဆာထွက်လာပြီး ၂၄ ရက်သားခန့်တွင် အစေ့မှာ ရာနှုန်းပြည့် ကြီးထွားလာကာ အစာဖြည့်တင်းမှု ရပ်ဆိုင်းသွားသည်။ ပြောင်းစေ့အတွင်း ကစိဓာတ်ဖြည့်တင်းချိန်တွင် အရွက်မှချက်လုပ်သော အစာ၏ ၆၀ ရာခိုင်နှုန်းကို အစေ့ဖြစ်စေရန်အတွက် အသုံးချသည်။ ထိုအချိန်တွင် အောင်စေ့များစေရန် အတွက် ယူရီးယား ၂၅ ပေါင်ကို နွားချေးဆွေးနှင့် ရောချ၍ ကျွေးရမည်။

ပိုးမွှားများကာကွယ်ခြင်း

ပြောင်းဖူးပင် ၄၅ ရက်သားအရွယ်တွင် ရွက်စားပိုးနှင့် ခေါင်ညွှန့်ထိုးပိုးများ ကျရောက်တတ်သည်။ ပန်းပွင့်ချိန်တွင် ပျံပိုးများ ကျရောက်တတ်သဖြင့် ဆေးဖျန်းကာကွယ်ရန် လိုအပ်သည်။ ကြွက်၊ ကြက်တူရွေးနှင့် ရှဉ့်တို့သည် နို့ရည်တည်ချိန်တွင် ဖျက်ဆီးတတ်သဖြင့် ဆေးဖျန်းခြင်း၊ ခြောက်လှန့်ခြင်းဖြင့် ကာကွယ်နိုင်သည်။

ရိတ်သိမ်းခြင်း

အစေ့ထုတ်ပြောင်းဖူးဖက် အဝါရောင်သန်းပြီး အဖူးအညှာတွင် အညိုရောင်ကွင်းပေါ်လာပါက ရိတ်သိမ်းသင့်သည်။ ထိုအချိန်တွင် အစေ့တွင်း အစိုဓာတ် (၂၅ - ၃၅) ရာခိုင်နှုန်းခန့် ရှိနိုင်သဖြင့် ဖက်ကို ချက်ချင်းခွာပြီး (၅ - ၇) ရက်ခန့် ခပ်ပါးပါး နေလှန်းပေးပါ။ အစေ့ခွဲပြီးပါက တစ်နေထပ်လှန်းပြီး အဖျင်း၊ အမှော်၊ လုံးပိန်၊ လုံးညှပ်များကို သန့်စင်ရမည်။ မျိုးစေ့အဖြစ်ထားရှိပါက မျိုးစေ့ကို ပို့သတ်ဆေးနှင့်လူးနယ်၍ အိတ်သွတ်သိုလှောင်နိုင်သည်။

အစေ့ထုတ်ပြောင်းစိုက်ပျိုးခြင်းသည် ပြည်တွင်းသုံးစွဲမှုအနေဖြင့် တိရစ္ဆာန်အစာအဖြစ် သုံးစွဲရုံသာမက ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည့်အတွက် စိုက်ပျိုးရေးရှိပါက အစေ့ထုတ်ပြောင်းမှာ ဈေးနှုန်း/ ဈေးကွက် ကောင်းမွန်မှုရှိသောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များသည့် အစေ့ထုတ်ပြောင်းကိုလည်း စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



❑ မြန်မာ့အစေ့ထုတ်ပြောင်း ပြည်ပတင်ပို့မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၆၁ သန်းအထိ တင်ပို့နိုင်ခဲ့သည်။ ပြည်ပတင်ပို့မှုများအနက် ယခင်က တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သော်လည်း နောက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ တင်ပို့မှုမှာ အများဆုံးဖြစ်လာသည်။ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။ အစေ့ထုတ်ပြောင်းကို ပြည်တွင်းမွေးမြူရေးအစာအဖြစ် အသုံးပြုခြင်းအပြင် အစေ့ထုတ်ပြောင်းအစေ့သာမက ပြောင်းမှုန့်၊ ပြောင်းချဉ်ဖတ်စသည်တို့ကိုလည်း နိုင်ငံခြားသို့ ထုတ်လုပ်တင်ပို့လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနား ကျင်းပ



မုံရွာ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီးများ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ/ ခရိုင်တရားသူကြီးများ၏ (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး မှာကြားချက်များအား ထပ်ဆင့် ရှင်းလင်းခဲ့ပြီးနောက် တက်ရောက်လာကြသည့် ခရိုင် တရားသူကြီးများက အထွေထွေ ဆွေးနွေးတင်ပြကြရာ တင်ပြမှုများအပေါ် လိုအပ်သည်များကို စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၉၀၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၉၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြွှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၂ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၂၅၅	၂၃၂၅	၂၂၉၅	၂၂၉၀	၂၃၃၅	၂၃၅၀	၂၃၆၅	၂၂၈၅	၂၄၀၅	၂၃၈၀	၂၃၀၀	၂၃၀၅	၂၃၇၅	၂၃၅၀	၂၃၆၀	၂၆၀၅
95 Ron	၂၂၈၀	၂၃၈၅	၂၃၅၀	၂၂၈၅	၂၃၆၀	၂၃၆၅	၂၃၂၅	၂၃၄၀	၂၄၆၀	၂၄၆၃	၂၃၆၀	၂၃၆၀	၂၃၄၀	၂၃၆၅	၂၄၂၀	၂၆၀၅
HSD (500 ppm)	၂၀၆၅	၂၀၈၀	၂၀၆၅	၂၀၈၀	၂၀၈၅	၂၀၃၀	၂၀၃၅	၂၀၈၅	-	၂၁၃၀	၂၀၇၅	၂၀၇၅	၂၀၃၅	၂၀၇၀	၂၁၂၀	၂၁၅၀
HSD (50 ppm)	၂၄၂၅	၂၅၂၅	၂၅၀၅	၂၄၄၀	၂၅၂၅	၂၅၂၀	၂၅၂၅	၂၄၉၅	၄၈၃၀	၂၇၉၀	၂၅၁၀	၂၅၀၅	၂၅၀၀	၂၅၂၀	၂၅၅၀	၂၈၂၅
HSD (10 ppm)	၂၄၂၅	၂၅၂၅	၂၅၀၅	၂၄၄၀	၂၅၂၅	၂၅၂၀	၂၅၂၅	၂၄၉၅	-	၂၇၉၀	၂၅၁၀	၂၅၀၅	၂၅၀၀	၂၅၂၀	၂၅၅၀	၂၈၂၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၃၈	၂၁၃၂
95 Ron	၂၀၉၄	၂၁၈၉
HSD (500 ppm)	၂၆၀၄	၂၆၈၅
HSD (50 ppm)	၂၂၄၁	၂၃၃၆
HSD (10 ppm)	၂၂၄၁	၂၃၃၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုက်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၂၂၉၃၆၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကုန်ချွေတာပါ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၂-၂၀၂၅ တနလာနေ့

MRTV HD

၀၆:၀၀ အနုပ္ပာယ်ကင်းပရိတ်တရားတော် (ပေတ္တဝတ္ထု၊ ရတနာသုတ်၊ တောဂျုံသုတ်)
၀၈:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ တရုတ်မြန်မာနိုင်ငံသောကျန်းမာရေးဂက်ဆော့ခ်ဖွင့်ပွဲ
၀၉:၁၀ ဗိုက်ပိုးမွေးမြူသုတ်ဘက်
၀၉:၄၀ ရတနာအလေးကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
၁၀:၃၀ ဂျူဝယ်လူယာနာယ်ဒေသမိုးသားနာရီတက်ကြိုဆိုပွဲ
၁၁:၂၀ ဘာသာပြန်အနုပညာ
'အရွယ်ဆာတစ်ယောကိုဦးစားပေးပါရှင်ခွဲမှုပေးပေး' 'အကယ်ဒမီဆင်သန်း' (အပိုင်း-၁)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဒီလမ်းပိုင်)
'ဆုတောင်းပြည့်ဖြစ်ပေါ်တရားစုတရားလေး' (အပိုင်း-၄၄)
၁၃:၃၀ MRTV National News
၁၄:၃၅ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက်ကိုယ်ခန္ဓာအင်အားဆုံး)
၁၄:၅၀ မိုးရာသီတင်းသစ်ကို ကြိုဆိုသောဆေးထိုးအားပေးပွဲ
၁၅:၀၀ ကြယ်ပွင့်ငယ်များ
၁၅:၃၀ ကြယ်ပွင့်ငယ်များ
၁၆:၀၀ ကြယ်ပွင့်ငယ်များ
၁၆:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘယ်ဒင်ဝမ်းသူငယ်' (အပိုင်း-၁၀)

mtv

07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
07:08 Let's go to....Natural Paradise
07:40 Kay Tu Mar Lar "The Family"
07:51 The Art of Sand Painting
08:01 News
08:26 Asia Updates; Guards of the soil
08:31 Myanmar Cultural Identities (Kinnari & Kinnara)
08:33 Children's Delight Twelve (The Month of Tabodwe)
08:50 Mt. Naw Bu Baw
09:01 Myanmar Music Icon:
09:20 Changes in Myanmar's Printing Industry
09:44 Dances of Myanmar:

Me

၀၆:၀၀ အစွဲငယ် ဓမ္မပုတ္တဝေးသီချင်းများ
၀၆:၁၅ ကိုင်းရင်းသားသီချင်းအစား(ကယားကိုင်းရင်းသား)
၀၆:၃၀ မြန်မာ့ဟယ်ဝင်ဝေးသီချင်းများ
၀၆:၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ရန်ဖွတ်ဘဝ်ရဲ့ကာစားတွေတဲ့' (အပိုင်း-၇)
၀၇:၃၀ "ငြိမ်းချမ်းဝေးညံ့တို့မြန်မြည်" ဝေးသီတေးဖွဲ့ပြေ
၀၇:၃၀ နိုင်ငံခြားဝေးသီချင်းများ
၀၇:၂၀ ကာတွန်းအစီအစဉ် 'ခြွေးငစိတ်ရှ' (အပိုင်း-၁၀)
၀၇:၃၅ ဝေသီရိပ်ဝေးများ
၀၇:၅၅ မြန်မာ့ရုပ်ရှင်(ပြုပြည်း) 'ခိုန်းကန့်ပြီ' (မောင်တင်မောင်ဝေယမ်ဝေရှင့်) ဒါရိုက်တာ- မောင်တင်မောင်

MRTV NRC

ချင်း (ဇိုးဒူး) (၁၄:၀၀ မှ ၁၅:၀၀)
ကျန်းမာရေးအတွက်အကိုးအကားသင်ထားတွေးဆုံးမှုကျင်းပီး

ကယား (၀၈:၀၀ မှ ၁၀:၀၀)
ဂုဒ္ဓဟာဝေးတောင်းအကောက်တောင်

မြန် (၁၅:၀၀ မှ ၁၆:၀၀)
သုဉ်ညာဇူးပဉ်မှန်တိုးအပွင့်ဝေတ်အဆက်အက်
တတ်စားဆင်ယင်မှု

ဖလက်ဇာရှင် (၁၀:၀၀ မှ ၁၁:၀၀)
ခရမင်း

ရခိုင် (၁၈:၀၀ မှ ၁၉:၀၀)
အဃဝ်ကုသည်ကုမှုပည်မှုတဲ့သည်ပေတ္တာ
(ရခိုင်သမက်တက်ပွဲ)

အနောက်ပိုးဇာရှင် (၁၁:၀၀ မှ ၁၂:၀၀)
မြင်းလှည်းသမားဇိုရဲ့ဘာဝ

ဗွမ်း (၁၉:၀၀ မှ ၂၀:၀၀)
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၂)

အရှေ့ပိုးဇာရှင် (၁၂:၀၀ မှ ၁၃:၀၀)
တကွေ်ခြင်ဝံစားကြားအင်းတောင်ပမိုးမြင်းတွင်းများ

ဝ (၂၁:၀၀ မှ ၂၂:၀၀)
'ဝ' ဖိုးရာရုက်ကန်နှင့်အထည်

ချင်း (ဇိုးဒိုး) (၁၃:၀၀ မှ ၁၄:၀၀)
ချင်းအမျိုးသားပန်းတောင်းလပ်

MRTV NEWS

၀၆:၀၀ အစွဲငါးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်ကဏ္ဍ(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

၀၇:၀၀ အစွဲငါးအလံ
၀၇:၁၅ ပြည်သူစွမ်းဆောင်ရည်ပေးကျွန်ုပ်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ထိုင်းနိုင်ငံ'
၀၇:၃၀ ဥပဒေရေးရာအခြေခံကျတဲ့လမ်းတို့ 'မဟုဿင်းဝေးခြင်း'
၁၀:၀၀ ပြည်သူစွမ်းဆောင်ရည်ပေးကျွန်ုပ်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
၁၀:၃၀ နိုင်ငံတကာဇွေးကောက်ပွဲများအကြောင်း 'ရုရှနိုင်ငံ'
၁၁:၃၀ လူသိရှိမှုပိုမန်းတိုင်ဆီ (အပိုင်း-၅၆)

MRTV FARMERS

၀၆:၀၀ အစွဲငှိုင်ငံတော်သီချင်း
၀၆:၁၅ စိမ်းလန်းသောနှံကျင်းနှင့်စားလေရိုက်ကွဲထုပ်ပို့ သီးနှံသစ်တောရေးနေနိုင်ပို့ဆို
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၂၀ BBC.planet.Earth.II.4of6 Deserts
၁၃:၂၀ The Flood (Full Episode) (နိုင်ငံခြားဇာတ်လမ်း)
၂၀:၀၀ အနိုင်သူရဲသူ (ဇာတ်လမ်း)
၂၂:၀၀ A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS

၀၆:၀၀ အစွဲ
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၃၅ Sports Diary
၁၀:၃၀ ကိုယ်လက်လှုပ်ရှားကျန်းမာရေး ရာသီပေးဖွေးလေးကျင်းပး
၁၀:၀၀ အားကစားသတင်း
၂၂:၀၀ ကမ္ဘာ့လေးအလှုပ်ရှင်ဝိတ်ပေါင်အောင်ပုံပြိုင်ပွဲ (ရုပ်ပြည်နယ်(၈) Vs ထီလာဟင်)

Scan Here

Education Channel

ပန်းတောင်းမြို့နယ်၌ ဖိုးဦးတောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်

ပန်းတောင်း ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဖိုးဦးတောင် စေတီတော်မြတ်ကြီးတွင် ယမန်နေ့က လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မှု စုပေါင်းရေစက်သွန်းချ အလှူတော်မင်္ဂလာ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိဇယထံမှ ဩဝါဒကထာ... ဆွမ်း ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရွှေသင်္ကန်းကပ်လှူပူဇော်မှုအတွက် လှူဒါန်းကြသော အလှူရှင်များကိုယ်စား ကိုယ်စား လှယ်သုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလှူရှင်များက ဆရာတော်ကြီး များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း ကြသည်။



လပြည့်လင်း (ပြန်/ဆက်)

ကွန်ဟိန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ (၁၁) ကြိမ်မြောက် ထုတ်ချေး

ကွန်ဟိန်း ဖေဖော်ဝါရီ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၅၆၁ သိန်း ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်း က ဟိုပန်ကျေးရွာအုပ်စု နမ့်မော်ငင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဆန်း က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက် များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆၁ သိန်းကို လွှဲပြောင်း ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက နမ့်မော်ငင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်းအသင်းသူ အသင်း သား ၃၃ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၁ သိန်းကို အသင်းသူ အသင်းသားများ၏လက်ဝယ်အရောက် အတိုးနှုန်း သက်သာစွာဖြင့် (၁၁) ကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရ သည်။

မောင်ခိုင်



ပုသိမ်မြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ပေးအပ်

ပုသိမ် ဖေဖော်ဝါရီ ၂၃

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး၌ ဖေဖော်ဝါရီ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့်ဆန်များ ကိုပေးအပ်သည်။ အဆိုပါအခမ်းအနားတွင် ယာယီနေရပ်စွန့်ခွာ ပြည်သူ ၈၉၇၉ ဦးအား တစ်ဦးလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၁၇၉၅၈၀၀၀၀ နှင့် ဆန်ထောက်ပံ့မှုအနေဖြင့် လူဦးရေ ၄၃၃၇ ဦးအတွက် တစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်း ထောက်ပံ့ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



ကံမမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



မကွေး ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပုဇင်းနိမ့်ကျေးရွာ၊ သူရတံခွန် လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားများ၏ ကြက်၊ ဝက်၊ ငါး၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ယနေ့တွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ဆက်လက်၍ သပြေစောင်းကျေးရွာ၊ ငွေးမီကျေးရွာ၊ အင်ဖက်တော ကျေးရွာ၊ ထန်းလေးပင်ကျေးရွာတို့ကိုကွင်းဆင်းပြီး အသင်းအမှုဆောင် များ၊ အသင်းသားများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများသို့ ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းများ နှိုးဆော်ချက်

၁။ မိုးကြိုချည်မျှင်ရှည်ဝါကို ဖေဖော်ဝါရီလလယ်မှ စတင်စိုက်ပျိုးမည်ဖြစ်ရာ မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများအနေဖြင့် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်။

(က) မျိုး

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ ဝါမျိုးစေ့များအား ကြိုတင်ဝယ်ယူစုဆောင်းထားရန်

(၂) မျိုးကွဲလုံးဝကင်းစင်ပြီး အပင်ပေါက်ရာခိုင်နှုန်း(၈၀)အထက်ရှိ အရည်အသွေးမြင့် မျိုးဝါစေ့များကိုသာ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်

(၃) မျိုးစေ့များ ခြောက်သွေ့ရန်အတွက် နေ(၂-၃)ကြိမ်လှန်းပြီးမှ ဂုန်နီအိတ်တွင် ထည့်၍ ရေမစိုနိုင်သောနေရာတွင် ကတ်များခင်းပြီး သိုလှောင်ထားရန်

(ခ) မြေ

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရှေ့သီးနှံများအချိန်မီ ဖယ်ရှားရေး၊ အချိန်မီ မြေပြုပြင်ပြီးစီးရေး၊ စိုက်ပျိုးချိန်တွင် ရေအပြည့်အဝ ပေးသွင်းရရှိရေးတို့အတွက် ကြိုတင်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်

(၂) မြေဆီဩဇာသင့်တင့်ကောင်းမွန်ပြီး အစိုဓာတ်ထိန်းသိမ်းမှုနှင့် လေဝင်လေထွက် ကောင်းသော နုန်းမြေ၊ နုန်းစနယ်မြေနှင့် သဲနုန်းမြေများကို ရွေးချယ် စိုက်ပျိုးရန်

(ဂ) ပေါင်းမြက်ကြိုတင်ကာကွယ်နှိမ်နင်းရေး

(၁) ရှေ့သီးနှံ(ဥပမာ-စပါး)ရိတ်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် မြေမစိုလွန်း မခြောက်လွန်းရှိမည့် ပပ်ကြားအက်စအချိန်တွင် ပထမထယ်တစ်စပ်ထိုးရန်နှင့် အခြောက်လွန်သွားသော စိုက်ခင်းတွင် ရေစပ်ရှံ့မျှသွင်းပြီး မြေအထန့်တွင် ထယ်ထိုးရန်

(၂) မိုးနှောင်းချည်မျှင်ရှည်ဝါအပြီး မိုးကြိုဝါဆက်လက်စိုက်ပျိုးမည့် စိုက်ခင်းများတွင် ဝါကိုနောက်ဆွဲကောက်သိမ်းခြင်းဖြင့် စိုက်ခင်းများအတွင်း ပေါင်းပင်များ အစေ့တည်ပြီး ရင့်မှည့်လာနိုင်သောကြောင့် ပေါင်းပင်များကို ဆက်လက်ရှင်သန်ခွင့်မပေးဘဲ ထယ်ထိုး ပေါင်းသတ်ထားရန်

(၃) စိုက်ထယ်ရေးမပြုလုပ်မီ အချိန်အတွင်း (၁၆)သွားထွန်တစ်စပ် သို့မဟုတ် နှစ်စပ်ဝင်ပြီး ပေါင်းသတ်ထွန်ရေးပြုလုပ်ထားရန်

(၄) အသုံးပြုမည့် ထယ်/ထွန်/ကြားတိုက်ကိရိယာများတွင် ပေါင်းစေ့များတွယ်ကပ်မှု မရှိစေရန် ကောင်းစွာသန့်ရှင်းပြီးမှ အသုံးပြုရန်

(၅) မိုးကြိုချည်မျှင်ရှည်ဝါသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံဖြစ်သည့်အလျောက် ရေသွင်းမြောင်းများ သန့်ရှင်းရေးကို ကြိုတင်ဆောင်ရွက်ထားရန်

(၆) ကောင်းစွာဆွေးမြည့်သော နွားချေးနှင့် သဘာဝမြေဩဇာများကိုသာ သုံးစွဲရန်

(၇) အကယ်၍ ပေါင်းသတ်ထွန်ရေး မပြုလုပ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ပေါင်းသတ်ထွန်ရေး ပြုလုပ်သော်လည်း ပေါင်းမြက်များ ဆက်လက်ကျန်ရှိနေလျှင်သော် လည်းကောင်း၊ အထူးသဖြင့် မြေစာမြက်ကဲ့သို့သော နှစ်ရှည်ခံပေါင်းမြက်များ ပေါက်ရောက်မှု ထူထပ်လျှင်သော်လည်းကောင်း၊ အစိုဓာတ်သင့်တင့်စွာရှိချိန် ဝါမစိုက်ပျိုးမီအနည်းဆုံး (၂၀-၂၅) ရက်ကြိုတင်၍ ပေါင်းသတ်ဆေးပက်ဖျန်းပေါင်းသတ်ထားရန်

(ဃ) စိုက်ချိန်မှန်ကန်စေခြင်း

မိုးကြိုချည်မျှင်ရှည်ဝါ - ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်း

ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၀၆၀၂၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဝဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၄၆၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ နမ့်လန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၅၈၅၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုးနှင့် စားသောက်ကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၆၅၁၇၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၆၁၆၀၇၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ မြို့ရှောင်လမ်း ကားလေးကွင်းအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၂၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၆၅၇၈၆၅၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် ကျိုင်းတုံမြို့နယ်



စိုင်းရီသန်း အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

ပင်းတောက်ကျေးရွာအုပ်စု ဝမ်တာပုံကျေးရွာအနီးတွင် မိုင်းခတ်မှု ကျိုင်းတုံဘက်သို့ စိုင်းရီသန်းမောင်းနှင်လာသည့် TOYOTA HIACE အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀ ကီလို(တစ်ကီလိုလျှင် ၈၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀၀) ကိုလည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ် မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ပါကွေ့(အောက်)ကျေးရွာအနီးတွင် ဘာဘင်(ခ)အားဘူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းစိမ်း ၂၄ ကီလို(တစ်ကီလိုလျှင် ခုနှစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၈ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျိုင်းတုံမြို့နယ်၌ ဘိန်းခင်းများဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ကျိုင်းတုံမြို့နယ် ပန်မတ်ကျေးရွာ အုပ်စု နားဖီးဒေကျေးရွာ၏ တောင်ဘက် နှစ်မိုင်နှစ်ဖာလုံခန့် အနီးပတ်ဝန်းကျင်ရှိ အမြင့်နှစ်ပေခန့် ဘိန်းခင်းလေးဧကခန့်ကို လည်းကောင်း၊ ဝမ်ကြိုးကျေးရွာ၏ အရှေ့ဘက်ရှိ အမြင့်နှစ်ပေခန့် ဘိန်းခင်းငါးဧကခန့်ကိုလည်းကောင်း စုစုပေါင်းဘိန်းခင်းကိုးဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



ကျိုင်းတုံမြို့နယ်၌ ဘိန်းခင်းများဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

အရှိန်မထိန်းနိုင်၍ ထမင်းကြော်ဆိုင် ယာဉ်တိုက်မှုဖြစ်၊ သုံးဦးဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ယမန်နေ့က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက်ည ၁၀ နာရီ မိနစ် ၄၀ တွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်း မီးပွိုင့်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ပန်းဆိုးတန်းလမ်းအတိုင်း မြောက်မှတောင်သို့ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်နေ လှိုင်မင်းထွန်း (၃၀ နှစ်) မောင်းနှင်လာသော BG0-11 3N---- Mazda Bongo အမျိုးအစား မော်တော်ယာဉ်သည် အနော်ရထာလမ်းဆုံ မီးပွိုင့် အရောက် ယာဉ်ကသို့ ချိုးကွေ့မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိထမင်းကြော်ဆိုင်ကို ဝင်ရောက်တိုက်မိသဖြင့် ဆိုင်အတွင်းရှိနေသူ ကျောက်တံတားမြို့နယ် အမှတ်(၂) ရပ်ကွက် နေ ဒေါ်ကြူကြူခိုင် (၅၈ နှစ်)၊ ဒေါ်ရှမ်း (၆၅ နှစ်) နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၈) ရပ်ကွက်နေ နိုင်လင်းဦး (၃၈ နှစ်) တို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် လှိုင်မင်းထွန်းအား ကျောက်တံတား မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ကျောက်တံတားမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ဒဏ်ရာရရှိမှုမှ မှတ်တမ်းဓာတ်ပုံ။

အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနီမှိတ်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

မိတ္ထီလာနှင့်မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပန်းတိုင်အထွက်နှုန်းရရှိရေး ဒေသခံတောင်သူများနှင့် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးမြေပြင်ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် ဦးရွှေဇင်သည် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာနှင့် မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားသည်။



ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးသည် မိတ္ထီလာမြို့နယ် ခင်လူးကျေးရွာ၌ နွေစပါးစိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရေးနှင့် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဌာနအလိုက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကဖြူကျေးရွာအုပ်စု မင်းတဲကုန်းကျေးရွာရှိ ကြက်သွန်နီစိုက်ပျိုးသည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး နိုင်ငံစီးပွားဖြစ်တင်ရေးရန်ပုံငွေဖြင့် ဆိုလာစနစ်နှင့် စက်ရေတွင်းမှတစ်ဆင့် ရေသွင်းစိုက်ပျိုးလျက်ရှိသော ဒေသခံတောင်သူဦးအောင်မြင့်၏ ကြက်သွန်နီစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် မလှိုင်မြို့နယ် သပြေပင်ကျေးရွာ၌ ကြက်သွန်နီစိုက်ပျိုးသည့် ဒေသခံတောင်သူများနှင့်လည်းကောင်း၊ ဖက်ကုန်းကျေးရွာ၌ မိုးကြိုဝါစိုက်ပျိုးသည့် ဒေသခံတောင်သူများနှင့် လည်းကောင်း၊ ထမ္မကြီးကျေးရွာ၌ နွေပဲတီစိမ်းစိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့်လည်းကောင်း တွေ့ဆုံအမှာစကားပြောကြား၍ ဒေသခံတောင်သူများ၏ တင်ပြမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နွေသီးနှံစိုက်ပျိုးမည့် ဒေသခံတောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

YBS စံပြယာဉ်မောင်း၊ တာဝန်သိယာဉ်မောင်းနှင့် လူမှုကွန်ရက်ဝန်ဆောင်မှုကောင်းယာဉ်မောင်းများ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ ကြီးမှူးပြုလုပ်သည့် ၂၀၂၄ ခုနှစ် YBS စံပြယာဉ်မောင်းဆုနှင့် တာဝန်သိ ယာဉ်မောင်းဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန် လမ်းရှိ YRTC ရုံး၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး YRTC ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က စံပြယာဉ်မောင်းဆု ရရှိသူများ၊ တာဝန်သိယာဉ်မောင်းဆု ရရှိသူများနှင့် လူမှုကွန်ရက်စာမျက်နှာတွင်ဖော်ပြသည့် ဝန်ဆောင်မှုကောင်းသည့် ယာဉ်မောင်းဆုရရှိသူတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွင်း ခရီးသည်ပို့ဆောင်ရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော YBS ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး YBS ခရီးသည်ပို့ဆောင်ရေးတာဝန် ထမ်းဆောင်ရာတွင် ပံ့ပိုးကူညီခဲ့ကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားတွင် စံပြ ယာဉ်မောင်းဆု ၄၈ ဦး၊ တာဝန်သိ ယာဉ်မောင်း ၁၄၈ ဦးနှင့် လူမှုကွန်ရက်ဝန်ဆောင်မှုကောင်း ယာဉ်မောင်းလေးဦး စုစုပေါင်း ယာဉ်မောင်း ၂၀၀ တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ အာကာလင်း

ပုသိမ်ကြီးမြို့နယ်၌ မီးဘေးလုံခြုံရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနက ကုန်းတန်းကျေးရွာရှိ ဒေသခံပြည်သူများ၏ နေအိမ်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက လှည့်လည်ဆောင်ရွက်သည်။

ကုန်းတန်းကျေးရွာ၌ အိမ်ခြေ ၁၅၀၊ အိမ်ထောင်စု ၁၆၂ စု၊ လူဦးရေ ၅၆၅ ဦးရှိပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးမင်းသန့် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပူးပေါင်း၍ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော် အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်ရေးစိတ်ဓာတ်ပြိုပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု

ဘီးလင်းမြို့နယ် သိမ်ဝူကျေးရွာ၌ ကုန်ထုတ်လမ်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဘီးလင်း ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၄၀၂ ဒသမ ၁၅ သန်းဖြင့် သိမ်ဝူကျေးရွာတွင် Pyae Aung ကုမ္ပဏီနှင့် ရဲထွန်းကုမ္ပဏီတို့မှ တင်ဒါအောင်မြင် ဆောင်ရွက်ခဲ့သည့် သိမ်ဝူကျေးရွာကုန်ထုတ်လမ်း (အင်္ဂုံးမြေ + ဂဝံမြေ) ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကျိုက်ထိုခရိုင် တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကံစောလှိုင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးကြီးကြပ်ပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်နှင့် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မောင်မွေး

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၄) မှ ရှက်ဖီးလ်နဲ့ လီဒဲစ်အသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ခြေစွမ်းထက်မြက်ပြီး အမှတ်ပေးဖယား အဆင့် (၁) နဲ့ (၂) နေရာက အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် လက်မလွတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

ချန်ပီယံရှစ်ပွဲစဉ် (၃၄)
၂၅-၂-၂၀၂၅ အင်္ဂါနေ့
ရှက်ဖီးလ် - လီဒဲစ်
နံနက် ၂၃၀

ပြင်းထန်လာဦးမယ့် ချန်ပီယံရှစ်ထိပ်တန်းနှစ်သင်းရဲ့ အားပြိုင်မှု



ရှက်ဖီးလ် Vs လီဒဲစ်



ဒီရာသီချန်ပီယံရှစ်မှာ ခြေစွမ်းပြပြီး ရလဒ်ကောင်းရရှိနေတဲ့ အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဒါ့အပြင် အဆင့် (၁) နဲ့ (၂) နေရာက အသင်းချင်းချင်းတွေ့ဆုံမှုဖြစ်တဲ့အတွက်လည်း အကြိတ်အနယ်ရှိလာမှာပါ။ နှစ်သင်းကြား ရမှတ်ကွာဟမှု နှစ်မှတ်သာရှိတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရတဲ့အသင်း အမှတ်ပေးဖယား ဦးဆောင်ခွင့်ရရှိမှာ ဖြစ်တယ်။ လီဒဲစ်က ချန်ပီယံရှစ်မှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ ရှက်ဖီးလ်ကလည်း ချန်ပီယံရှစ်မှာ ခံစစ်အကောင်းဆုံးအသင်းထဲ ပါဝင်နေတယ်။ မည်သို့ပင်ဆိုစေ ခြေစွမ်းသာတဲ့အသင်းထက် အဆုံးသတ်သေချာတဲ့အသင်းသာ နိုင်ပွဲရဖွယ်ရှိတယ်။

ဂူစတာဗိုလ်ဟမ်းမား (၂၇နှစ်)
ရှက်ဖီးလ် (ကွင်းလယ်တိုက်စစ်)
၂၉ ပွဲကစား၊ ၇ ဂိုးသွင်း

ရှက်ဖီးလ်နဲ့ လီဒဲစ်တို့ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးပွဲရလဒ်

လီဒဲစ်	၂ - ၀	ရှက်ဖီးလ်	ချန်ပီယံရှစ်
လီဒဲစ်	၂ - ၁	ရှက်ဖီးလ်	ပရီမီယာလိဂ်
ရှက်ဖီးလ်	၀ - ၁	လီဒဲစ်	ပရီမီယာလိဂ်

ကျိုးလ်ပိရိုး (၂၅ နှစ်)
လီဒဲစ် (တိုက်စစ်)
၃၃ ပွဲကစား၊ ၁၄ ဂိုးသွင်း

ရှက်ဖီးလ်အသင်း နောက်ဆုံးသုံးပွဲရလဒ်

ရှက်ဖီးလ်	၂ - ၁	ပို့စ်မောက်	၈-၂-၂၀၂၅
ရှက်ဖီးလ်	၃ - ၁	မစ်ဒယ်ဘရော့	၁၃-၂-၂၀၂၅
လူတန်	၀ - ၁	ရှက်ဖီးလ်	၁၅-၂-၂၀၂၅

လီဒဲစ်အသင်း နောက်ဆုံးသုံးပွဲရလဒ်

လီဒဲစ်	၀ - ၂	မီဝေါလ်	၈-၂-၂၀၂၅
ဝက်ဖို့ဒ်	၀ - ၄	လီဒဲစ်	၁၂-၂-၂၀၂၅
လီဒဲစ်	၂ - ၁	ဆန်းဒါးလန်း	၁၈-၂-၂၀၂၅

လပ်စ်ပဲမတ်စ်ကို ဂိုးပြတ်အနိုင်ယူပြီး ဘာစီလိုနာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်



■ ဘာစီလိုနာအသင်း လူစားဝင် ကွင်းလယ်ကစားသမား အိုလ်မို လပ်စ်ပဲမတ်စ်အသင်းဘက်သို့ အဖွင့်ဂိုးသွင်းယူစဉ်။

စပိန်လာလီဂါပွဲစဉ် (၂၅) မှ လပ်စ်ပဲမတ်စ်နှင့် ဘာစီလိုနာအသင်း ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက နှစ်ဂိုးပြတ် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့သည်။

တန်းဆင်းဇုန် ဖိအားရှိသည့် လပ်စ်ပဲမတ်စ်အသင်း၏ ရုန်းအားကြောင့် မိနစ် ၆၀ ကျော်အထိ ဘာစီလိုနာအသင်း သွင်းဂိုးရရေးအခက်တွေ့ခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ပွဲကစားချိန် ၆၂ မိနစ်တွင် အဖွင့်ဂိုး ရရှိခဲ့ပြီး အိုလ်မိုက သွင်းယူပေးခဲ့သည်။ သွင်းဂိုးခွင့်ပြုပေးလိုက်ရပြီး နောက် လပ်စ်ပဲမတ်စ်အသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်းမရှိချေ။

ဘာစီလိုနာအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲကစားချိန်ပြည့်ခါနီးတွင် တောရက်စ်က သွင်းယူပေးခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါတွင် ၂၅ ပွဲကစားပြီး ရမှတ် ၅၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ပြိုင်ဘက် လပ်စ်ပဲမတ်စ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့် အတွက် လာလီဂါရှုံးပွဲ ၁၄ ပွဲရှိလာပြီး လာမည့်နှစ် တန်းမဆင်းရရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

စီးရီးအေ ၂၆ တွင် ကိုမိုအသင်းကို ရှုံးပွဲကြုံတွေ့ခဲ့သည့် နာမည်ကြီး နာပိုလီ

အီတလီစီးရီးအေပွဲစဉ် (၂၆) မှ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ကိုမိုနှင့် နာမည်ကြီး နာပိုလီအသင်းပွဲစဉ်တွင် ကိုမိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ရန် ခြေကုန်ထုတ်လာသော နာပိုလီအသင်းသည် ယခုပွဲစဉ်တွင်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ဖြတ်ကျော်နိုင်ခြင်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ နာပိုလီအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့် အတွက် နောက်ဆုံး လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနှင့် ရင်ဆိုင်ခဲ့သည့် အပြင် အမှတ်ပေးဇယား ဦးဆောင်ခွင့်နှင့်လည်း လွဲချော်ခဲ့သည်။

အီတလီစီးရီးအေပွဲစဉ် (၂၆) မှ ဖေဖော်ဝါရီ ၂၃ ရက် နံနက် အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အင်တာမီလန်နှင့် ဂျီနိုအာအသင်းပွဲစဉ်တွင် အင်တာမီလန်အသင်းက ပွဲကစားချိန် ၇၈ မိနစ်တွင် ရရှိခဲ့သော မာတီနက်ဇ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စီးရီးအေပွဲစဉ် (၂၆) အပြီးတွင် အမှတ်ပေးဇယားကို အင်တာမီလန် အသင်းက ဒုတိယနေရာမှ နာပိုလီအသင်းထက် တစ်မှတ်အသာဖြင့် ဦးဆောင်ထားသည်။



ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ၌ အသက်အငယ်ဆုံး WTA 1000 ချန်ပီယံ အန်ဒရေဗာဖြစ်လာ

ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် တော်ဆန်နှင့် အန်ဒရေဗာ ပွဲစဉ်တွင် အန်ဒရေဗာ နိုင်ပွဲရပြီး အသက်အငယ်ဆုံး ချန်ပီယံဖြစ်လာခဲ့သည်။

ရုရှားတင်းနစ်မယ် မီရာအန်ဒရေဗာသည် အဆိုပါပွဲစဉ်တွင် ဒိန်းမတ်တင်းနစ်မယ် ကလာရာ တော်ဆန်ကို ၇-၆ (၇-၁)၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် အသက် ၁၇ နှစ် အရွယ် အန်ဒရေဗာသည် ဒူဘိုင်းတွင် ကျင်းပသည့် WTA 1000 ပြိုင်ပွဲ၏ အသက်အငယ်ဆုံး ချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်သည်။

၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီးထိပ်တန်း တင်းနစ်မယ်များဖြစ်သည့် စတန်စ်၊ ဆွီယာတက်ခ်၊ ရွှိုင်ဘာကီနာ တို့ကို အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သူ ဖြစ်သည်။

WTA 1000 ပြိုင်ပွဲ၏ ယခင်အသက်အငယ်ဆုံးအဖြစ် စံချိန်တင်ထားသူမှာ လက်ရှိကမ္ဘာ့အဆင့် (၃) တွင် ရပ်တည်နေသည့် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်ဖြစ်သည်။ ၎င်းသည် ၂၀၂၃ ခုနှစ်က စင်စင်နတီအိုးပင်းပြိုင်ပွဲ၌ ဖလားရယူကာ အသက် ၁၉ နှစ်ခွဲ ကျော်ဖြင့် စံချိန်တင်ထားခြင်း ဖြစ်သည်။

ရုရှားတင်းနစ်အကျော်အမော် ရူဘလက်ဗ် ကာတာအိုးပင်း၌ ဗိုလ်စွဲ



ရုရှားတင်းနစ် အကျော်အမော် အန်ဒရေး ရူဘလက်ဗ်သည် ကာတာအိုးပင်း အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြိုင်ဘက်ဖြတိန်တင်းနစ် ကစားသမား ဂျက်ဒရာပါကို ၇-၅၊ ၅-၇၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

၎င်းသည် အဆိုပါပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ကနေဒါတင်းနစ် ကစားသမား အူဂါနှင့် တွေ့ခဲ့ပြီး ၇-၅၊ ၄-၆၊ ၇-၆ (၇-၅) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။

နောက်ဆုံးရအားကစားသတင်းတိုများ

- မန်ယူက စပါးတိုက်စစ်ကစားသမား ဆွန်ဟောင်မင်ကို ခေါ်ယူလိုနေသည်။
- ဂျူဗင်တပ်စ်က ဖီယင်နုခံစစ်ကစားသမား ဟန်ကိုကို ခေါ်ယူရန် စိတ်အားထက်သန်နေသည်။
- ချယ်ဆီးက ယခုနှစ်နွေရာသီတွင် ဆီဗီလာမှ ပြင်သစ်ခံစစ် ကစားသမား ဘိတ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

■ မိုးကော် - စုစည်းသည်



လွယ်ကူလေ့လာ အင်္ဂလိပ်စာ



မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် ကျောင်းသား၊ ကျောင်းသူများ လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

မြန်မာ့အလင်း စာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးနီးကပ်လာပြီဖြစ်သဖြင့် အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ကျောင်းသူများ ပိုင်နိုင်စွာ ဖြေဆိုနိုင်ကြစေရန်နှင့် အောင်ချက်မြင့်မားရေးအထောက်အကူ ဖြစ်စေရန် တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းပုံစံနှင့်အညီ မေးခွန်းနံပါတ်တစ်ခုခြင်းစီအလိုက် ဖြေဆိုနည်းလမ်းညွှန်အပါအဝင် မေးခွန်းနှင့် အဖြေစုကို ဖော်ပြလိုက်ပါသည်။

၁။ မေးခွန်းနံပါတ် (I) မှာ **initial words** ပေးထားပြီး စဉ်းစားကာ ဖြေဆိုရမှာဖြစ်ပါတယ်။ မေးထားတဲ့ မေးခွန်းကို နားလည်ဖို့ အရေးကြီးပါတယ်။

ဥပမာ– **Since the t ..... has risen. Two degrees, today is warmen than yesterday.** နှစ် ဒီဂရီတက်သွားလို့ ဒီနေ့က မနေ့ကထက် ပိုပူနွေးတယ်ဆိုတော့ အပူချိန်ကိုပြောတာ၊ ဒါဆိုရင် **Temperature** ဆိုတာ စဉ်းစားလို့ရပြီပေါ့။ (၁၀) ပုဒ်မေးပါတယ်။ တစ်ပုဒ် တစ်မှတ်ပေးပါတယ်။

I. Complete the sentences with the appropriate words. The initial words are given. (10 marks)

1. T..... other people politely is a characteristic of high morale person.
2. I will not t ..... that sort of his behaviour in my class. That's so rude of him.
3. He taught his children to be r ..... of other cultures and traditions.
4. Some of the younger pop bands try to i .....their musical heroes from the past.
5. People under a lot of s ..... may experience headaches, minor pains and sleeping difficulties.
6. Conflicts between the different e ..... groups in the country exploded into civil war.
7. It does not m ..... who you are. You must obey school rules.
8. You should take m ..... if you feel sick.
9. Life of the people was transformed by the a ..... of modern technology.
10. It is good to study in a q ..... place, and it can help you concentrate more on your lessons.

Answer Keys

I. 1. Treating 2. tolerate 3. respectful 4. imitate 5. stress 6. ethnic 7. misunderstanding 8. medicine 9. advent 10. quiet

၂။ မေးခွန်းနံပါတ် (II) မှာ **Multiple choice** ဖြစ်ပါတယ်။ A, B, C ဆိုပြီး မေးပြီး အမှန်တစ်ခုကို ရွေးပေးရမှာပါ။ မေးတာက အစုံပါတယ်။ **Grammar** အဓိပ္ပာယ်ဆင်တူ စကားလုံး၊ **conjunction**, အစရှိသဖြင့် ပါဝင်ပါတယ်။ သေသေချာချာသိထားမှသာ မှန်ကန်တဲ့ စကားလုံးကို ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ (၁၀) ပုဒ် မေးပါတယ်။ တစ်ပုဒ် တစ်မှတ်ပါ။

II. Choose the appropriate words or phrases to complete the sentence. (10 marks)

1. Parents are equally ..... for raising the children.
   (A) respective (B) responsible (C) recognizable
2. He admitted that he was in ..... with essay writing.
   (A) problem (B) issue (C) trouble
3. Win Aung is dreaming ..... becoming a famous scientist one day.
   (A) for (B) of (C) with
4. We always go abroad ..... the summer.
   (A) to (B) from (C) in
5. Detectives are still ..... the escaped prisoner.
   (A) looking for (B) looking forward (C) looking after
6. Consuming too much saturated ..... can lead to heart disease. **(A) fat (B) meat (C) vegetable**
7. Certain foods can ..... the immune system and prevent illness.
   (A) strengthen (B) strong (C) strength
8. My dad shouted ..... me because I did not do what he said. **(A) at (B) to (C) towards**
9. She insisted ..... helping me with the dishes.
   (A) for (B) on (C) about
10. Today, many students do not ..... their brain to pass the exam and they try to cheat.
    (A) uses (B) use (C) used

Answer Keys

II. 1. B 2. C 3. B 4. C 5. A 6. A 7. A 8. A 9. B 10. B

၃။ မေးခွန်းနံပါတ် (III) မှာ **Grammar** ကဏ္ဍက သင်ထားတာတွေကို ဝါကျပြန်ရေးစေလိုတာပါ။ ထူးခြားတာက **Grade10, Grade 11** က **Grammar** တွေပါ ပါဝင်နေတာဖြစ်လို့ **Grade 12** တစ်ခုတည်းကွက်ကြည့်လို့မရပါဘူး။ သုံးခုစလုံးကို နှံ့စပ်အောင် သိထားမှ ဖြေနိုင်မှာပါ။ **Rewrite** လို့ ပြောထားလို့ တစ်ကြောင်းလုံးပြန်ရေးပေးရမှာပါ။ **Grammar** ခေါင်းစဉ်ပေါင်း (၃၉) ခု၊ (၄၀) နီးပါးကိုကောင်းစွာမှတ်မိပြီး အသုံးချတတ်၊ ပြန်ရေးတတ်မှ အမှတ်ပြည့်ရမှာပါ။ (၁၀) ပုဒ် မေးပါတယ်။ တစ်ပုဒ် တစ်မှတ်ပါ။

III. Rewrite the sentence according to the instructions given in brackets. (10 marks)

1. Everyone looked at the boy. His face was quite red. (Join the sentences using relative pronoun.)
2. John stole a book from the library last week. (Use "It is/ was ..... who/that .....")
3. Although she is young, she (must, can, should) speak four languages. (Rewrite the sentence choosing the right word.)
4. I want to phone him but I don't know his phone number. (Rewrite the sentences using second conditional.)
5. You are not allowed to pass the gate. It does not matter who you are. (Rewrite the sentence using "no matter who .....")
6. I set the alarm for five o'clock. He does not want to oversleep. (Join the sentences using "in order to" or "in order not to".)
7. He went to bed early. He wouldn't be tired in the morning. (Join the sentences using "so that".)
8. My father devoted all his life to his work. He retired. (Join the sentences using subordinating conjunction.)
9. She is one of those people whom you can trust. (Omit the relative pronoun.)
10. They felt. All their worries had gone. (Join the sentences using "as if".)

Answer Keys

III.1. Everyone looked at the boy whose face was quite red.
2. It was John who stole a book from the library./ It was from a library that John stole a book./ It was last week that John stole a book from the library.
3. Although she is young, she can speak four languages.
4. If I knew his phone number, I would phone him.
5. You are not allowed to pass the gate no matter who you are.
6. I set the alarm for five o'clock in order not to oversleep.
7. He went to bed early so that he wouldn't be tired in the morning.
8. My father devoted all his life to his work before he retired.
9. She is one of those people you can trust.
10. They felt as if all their worries had gone.

၄။ မေးခွန်းနံပါတ် (IV– A) မှာ Grade 12 မှာပါတဲ့ ကဗျာ (၄) ပုဒ်က စာကြောင်းတွေကို တစ်လုံး၊ နှစ်လုံး (၁မှမဟုတ်)သုံးလုံး ဖြုတ်ထားပြီး ပြန်ရေးစေလိုတာဖြစ်လို့ ကဗျာ (၄) ပုဒ်လုံးကို အလွတ်ကျက်မှတ်ထားရပါမယ်။ စာလုံးပေါင်းမှားရင် အမှတ်မရနိုင်တာကို သတိပြုပါ။

IV. (A) Write the appropriate words or phrases to complete the lines of verse. (5 marks)

(1) It looks like any building
When ..... on the street
(2) Blest, ...
Hours, days and years slide soft away,
(3) Two roads .....,
And sorry I could not travel both
(4) By, ..., low and loud,
By the gallop goes he.
(5) Go to sea, plant a tree
Find how .....,

Answer Keys

IV. (A) 1. you pass it 2. who can unconcern'dly find
3. diverged in a yellow wood
4. on the highway 5. airplanes fly

မေးခွန်းနံပါတ် (IV–B) မှာ Grade 12 မှာပါတဲ့ Unit အားလုံးက မေးခွန်းတွေကို ပြန်မေးတာဖြစ်ပါတယ်။ Unit တစ်ခုချင်းမှာပါတဲ့ မေးခွန်းဆိုတဲ့သဘောက ပြဋ္ဌာန်းစာအုပ်ထဲမှာပဲပါတဲ့ မေးခွန်းချည်းမေးတာမဟုတ်ဘူးဆိုတာ မှတ်ထားရမှာပါ။ တချို့မေးခွန်းတွေက စာအုပ်ထဲက မဟုတ်ပါ။ ခြုံငုံနားလည်စေနိုင်တဲ့ မေးခွန်းမျိုးကို မေးလေ့ရှိပါတယ်။ တစ်ပုဒ်တစ်မှတ် ပေးပါတယ်။ (၄) ပုဒ်မေးပါတယ်။ နောက်တစ်ခုက ကဗျာထဲက စာကြောင်း နှစ်ကြောင်းကို ထုတ်ထားပြီး **Paraphrasing**လုပ်ပြီး ပြန်ရေးစေတာပါ။ စုစုပေါင်း (၅) ပုဒ်– တစ်ပုဒ် တစ်မှတ်ပါ ။

IV. (B) Answer the questions in complete sentence. (5 marks)

(6) What does the first word of Helen "Wah-Wah" mean?
(7) How did the boy look when his father saw him?
(8) How long doest it take to form fossil fuesl?
(9) How are AI tools used in space exploration?
(10) What do these lines mean?
Two roads diverged in a yellow wood,
And sorry I could not travel both

Answer Keys

IV. (B). 6. The first word of Helen Wah Wah means water.
7. The boy was shievering and his face was white when his father saw him.
8. It takes hundreds of millions of years to form fossil fuels.
9. AI tools are used to study unknown stars and black holes in space exploration.
10. A Person who is young in experienced is commonly referred to as a greenhorn.

ဝမ်းတွင်းမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်



ဝမ်းတွင်း ဖေဖော်ဝါရီ ၂၃ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မီးဘေးအန္တရာယ် ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် တပ်ဖွဲ့ဝင်များ မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဧည့်ဂေဟာများကို ကွင်းဆင်း စစ်ဆေးခဲ့သည်။

ကွင်းဆင်း စစ်ဆေးရာတွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဧည့်ဂေဟာများတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် fsc လျှောက်ထားနိုင်ရေး စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



ကျိုက်လတ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြသ

ကျိုက်လတ် ဖေဖော်ဝါရီ ၂၃ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လေ့ကျင့်သရုပ်ပြသခြင်းများကို ယနေ့ နံနက် ၁၀ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းက မြို့နယ်အတွင်းရှိ ကျောင်းများ၊ စက်ရုံအလုပ်ရုံများ၊ ဈေးများ၊ နေအိမ်များတွင် မီးဘေးအန္တရာယ် မဖြစ်ပွားမေပေါ်ပေါက်စေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံအား ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ခဲ့ရာ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)မှ ကျောင်းသား ကျောင်းသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညောင်တုန်းမြို့နယ်၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

ညောင်တုန်း ဖေဖော်ဝါရီ ၂၃ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက် ပိုင်းက အရွှဲကျေးရွာရှိ ရွှေဝါနဒီဆန်စက်၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း ရည်ရွယ်ချက်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများနှင့် မီးသတ်ဆေးဘူး သုံးစွဲနည်းများကို ရှင်းလင်းပြောကြား၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံဝန်ထမ်းများနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြုခြင်း၊ မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၃ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ယနေ့နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၉)ရပ်ကွက်အတွင်းရှိ နေအိမ်များအား မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက် ထားရှိမှုများနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေး အတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမျိုးဇော် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးခိုင်၊ ရာအိမ်မှူးနှင့် ပူးပေါင်းအဖွဲ့များက နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝိုင်းဝန်း ကာကွယ် မီးဘေး အန္တရာယ်

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်ထိုင်းအိမ်ထိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ပိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူစေ့ဆ်ထားရှိခြင်း၊ အမွေးတိုင် ထွန်းညှိပူစေ့ဆ်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လေ့ကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လေ့ကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွယ်မခံခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လေ့ကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားဖြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ သင်္ဘောဆီကန် ဂဟေဆော်ရာမှ မီးလောင်မှုဖြစ်ပွား၊ နှစ်ဦး ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ယမန်နေ့က သင်္ဘောဆီကန်အား ဂဟေဆော်ရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက် "ဇေယျာထွန်း"လွန်းတင်ကျင်းအရှေ့ဘက် ခနောင်တိုချောင်းအတွင်း ရပ်တန့်ထားသည့် တွန်းသင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ဆိပ်ကြီးခနောင်တိုမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် မီးငြိမ်းသွားပြီး စိစစ်ခဲ့ရာ အဆိုပါ နေရာ၌ ရပ်တန့်ထားသည့် "မင်္ဂလာရွှေပြည့်" သင်္ဘောပေါ်တွင် အလုပ်လုပ်ကိုင်သော ကြဲခင်းမြို့နယ် ရွှေတောင်စုရပ်ကွက်နေ ကျော်လင်းနိုင်(၃၇)နှစ်သည် သင်္ဘောဆီကန်အား ဂဟောဆော်ပြုပြင်နေစဉ် ဆီကန်ပေါ်သို့ မီးပွားကျရာမှ ပေါက်ကွဲကာ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ကျော်လင်းနိုင်နှင့် သင်္ဘောပေါ်တွင် ထမင်းချက်လုပ်ကိုင်သူ ပန်းတောင်းမြို့နယ် ထုံးဘိုမြို့နေ သင်းသင်းမာ (၁၉)နှစ် တို့တွင် အသီးသီးဒဏ်ရာများရရှိခဲ့ပြီး သင်္ဘော၏ စက်ခန်းနှင့် အိပ်ခန်းများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ကျော်လင်းနိုင်အား ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်း(ပ)၁၁/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။



ဆိပ်ကြီးခနောင်တိုမြို့နယ်၌ သင်္ဘောဆီကန်အား ဂဟေဆော်ရာမှ မီးလောင်မှု မှတ်တမ်းဓာတ်ပုံ။

ရဲပြန်ကြား

လျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။



၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



လျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပေျာက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမှေးပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် လျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆုနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

လျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ


၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များအထပ်မြင့်အဆောက် အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

မြန်မာနိုင်ငံ၏ လျင်ဇုန်များပြမြေပုံ



လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီ ထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L-16(၅၉)၊ မြေကွက်အမှတ် (၇၃၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးချစ်ဆွေ (MMA-၀၃၃၇၈၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နီလှိုင် (၁၃/လရန (နိုင်) ၂၂၃၁၄၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးကျော်စိုးဦး
LL.B,
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ် (၉၈+၉၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)စီရှိ ဒေါ်ဝါဝါအေး (၉/ပဥလ (နိုင်) ၀၆၆၄၂၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဝါဝါအေး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၂၂၃၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးခင်မောင်ကြီး (၉/မထလ (နိုင်) ၀၁၁၄၀၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်ဇော်ဦး (၁၄/မမန (နိုင်) ၃၁၅၉၁၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ခရမ်းလွန်ရောင်ခြည် အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/9774 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

သွေးသည် အသက်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၉၀၂၆၅ Honda Shadow 400 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၉/မနတ(နိုင်)၀၀၆၇၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး၊ ဘဏ္ဍာတော်ပိုင် ဖောဓိပင်စောင်းတန်း၊ ဆိုင်ခန်းအမှတ်(ခ.၁)သည် ဦးထွန်းရွှေ အမည်ပေါက်ဆိုင်ခန်းဖြစ်ပြီး အဆိုပါဆိုင်ခန်းအား ဦးထွန်းရွှေ+ဦးလှသောင်းအမည်သို့ ဆိုင်ခန်းမှတ်ပုံတင်အမည်တိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း မဟာမုနိဂေါပကအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မဟာမုနိဂေါပကအဖွဲ့ရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်နေ မခင်ပြည့်စုံ၏ ဖခင် ဦးမြင့်ဆန်း(ခ)ဦးမြင့်စန်း ၉/မနမ(နိုင်)၀၄၇၀၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြင့်ဆန်း(ခ)ဦးမြင့်စန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ပွဲလုံးကျော်ကျေးရွာနေ မအိအိစိုး၏မိခင် ဒေါ်ခင်ညွန့်ရီ(ခ)ဒေါ်မူမူ ၉/ဝတန(နိုင်)၀၁၂၇၂၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်ညွန့်ရီ(ခ)ဒေါ်မူမူ

အမည်ပြောင်း

ဦးဇော်ငြိမ်းချမ်း ၈/အလန(နိုင်)၁၆၄၂၈၅၏သား အောင်လံမြို့နယ်၊ အမက(၂)ကန်ကြီးကျောင်း Grade-4 တွင် ပညာသင်ကြားနေသော မောင်နဒီလွင်အား မောင်နေမျိုးအက္ခရာဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်နေမျိုးအက္ခရာ

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မစန္ဒာစိုး ၇/ဖမန(နိုင်)၁၄၀၂၁၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၈၉၅၄၈၀

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် RA-VI/ ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ်(၈ဃ/၁၃၉)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးနေဝင်း ၁၂/ဗတထ(နိုင်) ၀၄၂၁၄၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ဒေါ်ခင်စန်းနိုင်(ခ)ဒေါ်ခင်သီတာမွန် ၁၂/မရက(နိုင်)၀၁၄၀၂၅နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၈)နေ ဦးစိန်မောင် ၁၂/လသန(နိုင်)၀၁၈၆၄၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ဒေါ်ခင်စန်းနိုင်(ခ)ဒေါ်ခင်သီတာမွန်အနေဖြင့် ဦးစိန်မောင်ကိုယ်တိုင်နှင့် အခြားသူများဖြစ်သည့် ဒေါ်ကြည် ကြည်စိန်နှင့် ဒေါ်ဝင့်ဖြိုးသွယ်တို့ထံမှ စုစုပေါင်းငွေကျပ်(၈၆၀)သိန်းတိတိအား လက်ခံရယူထားခဲ့ပြီး၊ (၅-၁၀-၂၀၂၃)ရက်စွဲပါ ငွေပြန်လည်ပေးဆပ်ရန် ဝန်ခံကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဒေါ်ခင်စန်းနိုင်(ခ)ဒေါ်ခင်သီတာမွန်အနေဖြင့် ၄င်းလုပ်ကိုင်သည့် ခနောက်စိမ်းထုတ်လုပ်သည့်လုပ်ငန်းအတွက် ငွေကျပ်သိန်း(၈၆၀)ကို ရယူခဲ့ခြင်းဖြစ်ပြီး (၅-၁၀-၂၀၂၃)ရက်စွဲပါ ဝန်ခံကတိစာချုပ်အရ ငွေပြန်လည်ပေးဆပ်ရန်သတ်မှတ်သည့်ရက်များတွင် ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြကာ တိမ်းရှောင်လျက်ရှိပါသည်။ ဒေါ်ခင်စန်းနိုင်(ခ)ဒေါ်ခင်သီ တာမွန်အနေဖြင့်(၅-၁၀-၂၀၂၃)ရက်စွဲပါစာချုပ်အတိုင်း ငွေပြန်လည်ပေးဆပ်ခြင်းမရှိပါက ဦးစိန်မောင်တို့မှ ဥပဒေအရ ဆောင်ရွက်ခြင်းအပေါ် ကျေနပ်ကြည်ဖြူစွာလိုက်နာမည် ဖြစ်ကြောင်းလည်း ဝန်ခံကတိပြုခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်စန်းနိုင် (ခ)ဒေါ်ခင်သီတာမွန်မှာ ဆက်သွယ်၍မရဘဲ တိမ်းရှောင်လျက်ရှိကြောင်း သိရပါသည်။ ဒေါ်ခင်စန်းနိုင်(ခ)ဒေါ်ခင်သီတာမွန် အနေဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးစိန်မောင်နှင့်ဆက်သွယ်၍ မိမိ၏ ဝန်ခံကတိပြုချက်များအတိုင်း ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ တရားစွဲဆိုခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစိန်မောင်
၁၂/လသန(နိုင်)၀၁၈၆၄၅

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မြင့်ထွန်း (LL.B, D.B.L, WIPO(Switzarland)
စဉ်-၁၈၇၉၈ (တရားလွှတ်တော်ရှေ့နေ)

အမှတ်(၈/၃၁၀)၊ နီလာ(၅)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း၊ ၀၉-၇၆၃၄၁၂၀၀၂၊ ၀၉-၄၀၈၉၃၅၂၀၂

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခ တို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7619 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်အောင် ၉/ရမသ(နိုင်)၀၉၄၄၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရေနံသာလင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၆၆၉၃ Canda 110 ယာဉ်လက်ဝယ်ရှိသူ ခေါ်လိုင်းအိမ်နံ ၉/လ၀နမြို့ပ)၀၉၉၈၃၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/5037 AMA Aung Myan; Asia L/T Pickup(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းညွှန့် ၉/မနမ(နိုင်)၀၄၂၉၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၅၀၆၁ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝင်း ၁/ဗမန(နိုင်)၀၄၂၄၂၂၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဒေါ်နဒြိုရ်ကွက်၊ အကွက် အမှတ်၁၄၄ နှင့် အမည် (၃၃/ထနာတစ၁၀၈၂၀၀) ဦးပိုင်အမှတ်၊ (၆၉/၁)၊ ဧရိယာ၀ ၁၁၀၀ ပင်ငေကရိမြေအား မြို့မြေအမှတ်အမှတ် ၃၂၂/၁၀၉၃၃အရ ၂၀-၁၂-၁၉၉၃ ရက်မှ ၂၀-၁၂-၂၀၂၃ ရက်အထိ ဦးတင်ထွေး၊ ဒေါ်ကြင်နေး အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ် ရပြီးသော မြေဖြစ်ပြီး ဒေါ်ရန်ဆန်းမြင့် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျနော်ကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင့်ကျပ် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှမရှိပါက လျှောက်ထားသူအား အထက်ဖြန်မာ ပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြု မည်ဖြစ်ကြောင်း အသိပေး ကြေညာ အပ်ပါသည်။ ကော်လိဇ္ဇော်အရာရှိ
မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃

ဒေါ်သဲဖြူထွန်း နှင့် ဦးလချမ်း (၎င်း၏ အထူးကိုယ်စား လှယ်စာရသူ ဦးထွန်းအောင်)

တရားလို တရားပြိုင်

မန္တလေးမြို့၊ အကွက်အမှတ် (မမ - ၉)၊ မြေညီနန္ဒာရပ်ကွက်နေ ဦးလချမ်း (ဘ)ဦးသက္ကသျဏ္ဌာရီ(ခ)ဦးဘတ်စ်တာမဟာန္တ (၎င်း၏အထူး ကိုယ်စားလှယ်စာရသူ ဦးထွန်းအောင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သဲဖြူထွန်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် (ဆ-၂)၊ ဦးပိုင်အမှတ် (၁၀၂)၊ ဧရိယာ ၀ ဒသမ ၀၅၅၁စက အကျယ်အဝန်းရှိ တပ်ကြပ်ကြီး သက္ကသျဏ္ဌာရီ အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ မြေရောင်းဝယ်မှုအား ဥပဒေနှင့် အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပခြင်းဆိုနိုင်သူ သင်၏ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရေနေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပခြင်းဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်၊ (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်) မွန်းတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို့ရွဲ့ဆိုချက်ကို ထုချေရုံးလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကျိုးရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အခိုပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ပေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရစိုးဝင်း)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်(၄)၊ ကွင်း/အကွက်အမှတ် (RAV/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၄၂-က)။ မြေဧရိယာ ၀ ဒသမ ၅၅၃စကရိုမြေကွက်အား ဦးပိုင်ခွဲခေမြင့်ဇာဂရန်အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်ယဉ်ညီ၊ ဒေါ်ခင်ချစ်မို့ ဆက်လက်ဆောင့်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်(၆)၊ ကွင်း/အကွက်အမှတ် (RAVI/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၈၊၁၀/၄)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ စကရိမြေကွက်အား မြေငှားဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဦးဌေးမြင့် (ခ)ကွာယူရွှတ် ပါ(၂)မှ ဆက်လက်ဆောင့်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရုံးစုဧကြော်ရပ်ကွက်၊ အကွက် အမှတ်(၇)၊ ဦးပိုင်အမှတ် (၁၂၈)၊ မြေဧရိယာ ၁၁၀၀ ပေကြေမြေကွက်သည် မူလက ဦးရန်လိမ်အား အမည်ဖြင့်၃၀-၆-၂၀၂၂ရက်အထိမူလဂရန်သက်တမ်း အတိုင်းနှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးရန်လိမ်းက ၂၇-၁-၂၀၂၅ ရက်ရွဲ့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၅၀/၂၀၂၅)အရ ဦးအိုက်ဆန် ၁/ ၀မန (နိုင်)၀၃၂၀၆ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ဦးအိုက်ဆန်အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထား လာမှုအပေါ် ကျွန်ုပ်ကြောင်းဖော်ပြချက်ခိုင်လုံ စွာဖြင့်ကန့်ကွက်တင်ပြသူမည်မည် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်အောင်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိဇ္ဇော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ အကွက်အမှတ်(၁၆၀၅)၊ မြို့တွင်း အနောက်ရပ်၊ ဦးပိုင်အမှတ်(စ၃-၈၅)၊ ဧရိယာ(၀.၂၄၅)စကရိဘိုးဘိုင် မြေအား ဒေါ်ခင်ဝင်းမြင့် (၁) ဆုရတနာနွယ်မှ အမည်ပြောင်း လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့် နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်းမြင့်(၁)ဆုရတနာနွယ်(ဖုန်း-၀၉-၇၇၅၈၉၃၄၈)

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၄

ဒေါ်သဲဖြူထွန်း နှင့် ဦးမန်းဗဟာဒူး(၎င်း၏ အထူး ကိုယ်စား လှယ်စာရသူ ဦးထွန်းအောင်)

တရားလို တရားပြိုင်

မန္တလေးမြို့၊ အကွက်အမှတ် (မမ-၉)၊ မြေညီနန္ဒာရပ်ကွက်နေ ဦးမန်းဗဟာဒူး (ဘ)ဦးသိရိသာဗဟာဒူး (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးထွန်းအောင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သဲဖြူထွန်း က မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် (ဆ-၂)၊ ဦးပိုင်အမှတ် (၁၀၁)၊ ဧရိယာ ၀ ဒသမ ၀၅၅၁စက အကျယ်အဝန်းရှိ ဦးမန်းဗဟာဒူးအမည်ပေါက် ဂရန်မြေကွက်နှင့် ပတ်သက်၍ မြေရောင်းဝယ်မှုအား ဥပဒေနှင့် အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု " လျှောက်ထား ခဲ့ဆဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပခြင်းဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပခြင်းဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်၊ (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်) မွန်းတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို့ စွဲဆိုချက်ကို ထုချေရုံးလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကျိုးရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အခိုပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ပေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရစိုးဝင်း)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/ အကွက်အမှတ် (A/ပဒေသာ)၊ ဦးပိုင်အမှတ် (၁၅-က)။ မြေဧရိယာ ၀ ဒသမ ၁၃၁ စကရိမြေကွက်အား မြေငှားဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဒေါ်ရွှေစင်ငြိမ်းမှ ဆက်လက်ဆောင့်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ် ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြောက်ဥရပ်ကွက် အမှတ်(၁၅၀)၊ မြေကွက်အမှတ် (၂၄၄)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးမျိုးညွှန့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသိန်းစော်လင်း ၁/ရကန(နိုင်)၀၁၅၂၄၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်စေသာကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးနုန္ဒာ
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂လမ်း၊ သဃေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၉၅၆၀၃၃၇၈

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဥာနီအရှေ့ရပ်၊ အကွက် (၃၃)နေ့ ဦးကျော်နိုင်ဦး ၉/သပက(နိုင်)၀၃၀၃၄၇၄နှင့် ဒေါ်ခိုင်ဇော မ ၉/မန၀(နိုင်) ၁၀၅၇၇၅ တို့၏ သားဖြစ်သူ မောင်ဉာဏ်မင်းထက် ၉/အမစ(နိုင်)၀၅၃၀၃၆၁သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘတို့အား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင် ပြုလုပ်နေခြင်းတို့ကြောင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ အမွေစားအမွေခံ သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀ဝအား လုံး၀(လုံး၀) တာ၀နှံယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
လွှဲအပ်ညွှန်ကြားသူ-
